# Department of Consumer Affairs

## The Consumer Affairs
## Special News Letter

# စိန်စေါ်မှုများနှင့် AI နည်းပညာအစေကြောင်း သိစေကာင်းစရာ




January 2024

## သတင်းခေါင်းစဉ်များ


စာမျက်နှာ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၄

၁။ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ

**ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၅

၂။ (၂၇) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ သို့ တက်ရောက်ခဲ့

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၆

၃။ SMART TV ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

၄။ အထည်ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

၅။ ယာဉ်လိုင်းဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်း

၆။ အွန်လိုင်းမှတစ်ဆင့် လက်ကိုင်ဖုန်းဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

၇။ စားသောက်ဆိုင်မှညှော်နှံနံသဖြင့်တိုင်ကြားခြင်း

၈။ ပညာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

၉။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တိုင်ကြားမှုစာရင်း

၁၀။ ကုန်စည်အုပ်စုလိုက်တိုင်ကြားမှုနှင့် ဝန်ဆောင်မှုအုပ်စုလိုက်တိုင်ကြားမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၁၂

၁၁။ ကုန်အညွှန်းအမှတ်အသားစိစစ်ဆောင်ရွက်

၁၂။ ကုန်အညွှန်းအမှတ်အသား တင်ပြလာမှုအခြေအနေ

၁၃။ ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုခဲ့သည့်အခြေအနေ

၁၄။ ကုန်စည်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့မှုအခြေအနေ

၁၅။ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည့်အကြိမ်ရေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၅

၁၆။ စိန်ခေါ်မှုများနှင့် AI နည်းပညာအကြောင်းသိကောင်းစရာ

၁၇။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းမှတ်ပုံတင်ကြေးအား သတ်မှတ်ကောက်ခံ

၁၈။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စားသုံးသူကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

၁၉။ ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

**သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးကဏ္ဍ** ၂၉

၂၀။ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ

**ပြည်တွင်းကုန်သွယ်မှုကဏ္ဍ** ၃၅

၂၁။ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ပြည်တွင်းကုန်သွယ် ရေးဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မူဝါဒလေ့လာရေးနှင့်စီမံကိန်းစာရင်းအင်းကဏ္ဍ** ၃၈

၂၂။ မူဝါဒဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု

# စိန်ခေါ်မှုများနှင့် AI နည်းပညာအကြောင်း သိကောင်းစရာ

၂၁ ရာစုအလွန် ယနေ့ကမ္ဘာကြီးတွင် နေ့စဉ်နှင့်အမျှ တစ်ရက်နှင့် တစ်ရက် မတူညီအောင် နည်းပညာအသစ်အဆန်း တီထွင်ဆန်းသစ်မှုများပြားလာလျက် ရှိရာ အမျိုးမျိုးသော နည်းပညာများ အနက် မရှိမဖြစ် လူသားများနေ့စဉ် ထိတွေ့နေရသော နည်းပညာမှာ AI (Artificial Intellengence) ခေါ် ဉာဏ်ရည်တုဟု ခေါ်ဆိုကြသည့် နည်းပညာ ဖြစ်ပါသည်။ လူသားတို့ နေ့စဉ်အသုံးပြုနေရသည့် Smart Phone၊ Computer စသည့် မရှိမဖြစ်ပစ္စည်းများတွင် AI နည်းပညာနှင့်ကင်းသည်ဟူ၍ မရှိပါ။ အင်တာနက်မှ အချက်အလက်များ ရှာဖွေဖတ်ရှုလိုရှု ဖြစ်စေ၊ Youtube၊ Netflix များက ရုပ်ရှင်များ ကြည့်ရှုခံစားလိုရှုဖြစ်စေ၊ Amazon ကဲ့သို့ အွန်လိုင်းမှ ဈေးဝယ်ယူခြင်းမျိုးဖြစ်စေအစရှိသော လူတို့၏ နေ့စဉ်လုပ်ဆောင်ချက်များတွင် Artificial Intelligence ပါဝင်နေပါသည်။ ထို့ကြောင့် ပစ်မှတ်ထားကြော်ငြာခြင်း (Targeted Advertising)၊ ဆက်စပ် ဗီဒီယိုဖိုင်များ (Recommended Videos) များပေါ်လာပြီး အစီအစဉ်ကျသော အင်တာနက်ဝက်ဘ်ဆိုက်ဒ်များ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

**AI ဆိုတာဘာလဲ**

လူလုပ်အသိဉာဏ် သို့မဟုတ် ဉာဏ်ရည်တုနည်းပညာဟု ခေါ်ကြသည့် AI ဟု ကြားလိုက်သည်နှင့် အလိုအလျောက် မောင်းနှင်နိုင်သော ကားများ၊ စက်ရုပ်များ၊ လူတိုင်းနီးပါးကြားဖူးကြပြီးဖြစ်သည့် Chat GPT နှင့် အခြားသော chatbots များ၊ ပုံတူခါတ်ပုံများကို တွဲဖက်မြင်မိကြမည်။ ထိုသို့ရလဒ်များ ထုတ်ပေးနိုင်သော AI ဆိုတာ ဘာလဲ၊ AI က ယခုပစ္စုပ္ပန်နှင့် အနာဂတ်တွင် လူသားများအပေါ် ဘယ်လို အကျိုးသက်ရောက်နိုင်လဲ ဆိုတာ သိထားရန် လိုအပ်ပါသည်။ Artificial Intelligence (AI) သည် ၁၉၅၀ နောက်ပိုင်းမှစတင်၍ Concept တစ်ခုအနေဖြင့် ရှိခဲ့ပါသည်။ လူအသိဉာဏ်ဖြင့် လုပ်ဆောင်သော အလုပ်တစ်ခုကို စက်ပစ္စည်းက လူအသိဉာဏ်မပါဘဲ သီးသန့်လုပ်ဆောင်နိုင်ခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

AI ကို တိုက်ရိုက်ဘာသာပြန်လျှင် ဖန်တီးပြုလုပ်ထားသည့် အသိဉာဏ်ဟု အဓိပ္ပာယ်ရပါသည်။ Artificial Intelligence ဆိုသည်မှာ အလိုအလျောက် သင်ယူလေ့လာနိုင်စေရန် ရေးဆွဲထားသော ကွန်ပျူတာပရိုဂရမ်တစ်ခုဖြစ်ပါသည်။ Machine-learning Algorithm များသုံးပြီး deep learning စနစ်ဖြင့် သင်ယူနိုင်ရန် ရေးဆွဲထားသည်ဟု ဆိုနိုင်ပါသည်။ လူသားများတွင် ဦးနှောက်ဖြင့် စဉ်းစားတွေးခေါ်သင်ယူနိုင်သကဲ့သို့ AI ကလည်း ကွန်ပျူတာ၏ ဦးနှောက်ဟု ဆိုနိုင်ပါသည်။

Artificial Intelligence-AI ဉာဏ်ရည်တုနည်းပညာကို စက်ရုပ်များ၌ အဓိကအသုံးပြုနေကြပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မောင်းသူမဲ့ကားများ၊ ဒရုန်းယာဉ်များတွင် ထည့်သွင်းအသုံးပြုရုံသာမက မော်တော်ကားထုတ်လုပ်ရေးစက်ရုံများတွင် ကားအစိတ်အပိုင်း တပ်ဆင်သူ စက်ရုပ်များအဖြစ်လည်း အသုံးပြုကြပါသည်။

စားသောက်ဆိုင်များတွင် စားပွဲထိုး၊ ဧည့်ကြိုများအဖြစ်လည်းကောင်း၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သူအဖြစ်လည်းကောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ website များ၏ search engine တွင်လည်းကောင်း၊ ကွန်ပျူတာနှင့် စမတ်ဖုန်းများတွင်လည်းကောင်း AI ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလာကြပြီဖြစ်သည်။ နောက်ပိုင်း စက်ရုပ်များသည် ယခင်စက်ရုပ်များကဲ့သို့ သတ်မှတ်ထားသည့်အတိုင်း အလုပ်တစ်ခုခုကို လုပ်နေခြင်းမျိုး မဟုတ်တော့ဘဲ လူသားတို့၏မျက်နှာပေါ်က စိတ်ခံစားမှုများများကို သိရှိနိုင်ပြီး အိမ်သုံးစက်ရုပ်များအနေဖြင့် တံမြက်စည်းလှည်းခြင်း၊ ဖုန်သုတ်ခြင်း၊ ပန်းကန်ဆေးခြင်း စသည်တို့အပြင် ကလေးများကိုပါ ထိန်းကျောင်းပေးနိုင်သည့် စက်ရုပ်များအထိ ဖန်တီးနိုင်ခြင်းများ

ကိုလည်းဆောင်ရွက်နိုင်ပြီဖြစ်သည်။ ဤသည်မှာ AI နည်းပညာ၏ အကျိုးကျေးဇူးများပင် ဖြစ်ပါသည်။

**AI နှင့် စိန်ခေါ်မှုများ**

ကမ္ဘာ့နိုင်ငံ ခေါင်းဆောင်များ၊ သိပ္ပံပညာရှင်များနှင့် နည်းပညာရှင်များက ဉာဏ်ရည်တုနည်းပညာ (AI) ၏ အသုံးဝင်မှုများကိုသာမက ထို နည်းပညာကို အလွဲသုံး၍ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအား သတိပြုနိုင်ရန်နှင့် ကာကွယ်နိုင်မည့် ဥပဒေများကိုပါ ဆုံးဖြတ်ပြဋ္ဌာန်းလာကြသည်ကို တွေ့ရသည်။ အမေရိကန်ကဲ့သို့ နည်းပညာထွန်းကားသည့် နိုင်ငံကြီးသည်ပင် နည်းပညာအလွဲသုံးမှု အန္တရာယ်များကို သတိပြုလာကြရာ နိုင်ငံငယ်များအနေဖြင့်လည်း ကြိုတင် သတိပြုပြင်ဆင်ထားရမည်ဖြစ်သည်။

ဉာဏ်ရည်တုနည်းပညာသည် လက်ရှိတွင် အဆင့်အမြင့်ဆုံး နည်းပညာတစ်ခုဖြစ်ပြီး လူအများ၏ ဘဝကို တိုးတက်ကောင်းမွန်အောင် ဖန်တီးပေးနိုင်စွမ်းရှိသော်လည်း တစ်ချိန်တည်းမှာပင် အဆိုပါ နည်းပညာကြောင့် လုံခြုံရေး ခြိမ်းခြောက်မှုများထိပါးရှိနိုင်ကြောင်း နိုင်ငံခေါင်းဆောင်များက ပြောကြားလာကြသည်။ ဉာဏ်ရည်တု နည်းပညာကြောင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တိုးတက်ဖွံ့ဖြိုးမှု

များရှိလာသကဲ့သို့ လူတို့၏ ကိုယ်စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊ သတင်းမှားများ ဖန်တီးနိုင်ခြင်း၊ အလုပ်အကိုင်များ ဆုံးရှုံးနိုင်ခြင်း၊ အဆိုပါ နည်းပညာသည် အနာဂတ်တွင် လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ပေးလာနိုင်ကြောင်း သုံးသပ်မှုများရှိလာပါသည်။

သိပ္ပံနှင့် နည်းပညာမြင့်မားတိုးတက်လာသော လူ့အသိုက်အဝန်းတွင် AI နည်းပညာသည် ဆန်းသစ်သည့် ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်သည်။ သိမှုဉာဏ်အပြင် လူ့စိတ်ခံစားချက်ကို နားလည်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားနိုင်စွမ်းရှိသည့် ဉာဏ်ရည် ထည့်သွင်းထားသော ဉာဏ်ရည်တုရှိသည့် လူ၏ ကိုယ်ပွားဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံ မဟုတ်သေးသော်လည်း ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးနောက် ဆက်သွယ်ရေးနည်းပညာကဏ္ဍကို လွတ်လပ်သော ဈေးကွက်အဖြစ် ဖွင့်လှစ်ပေးနိုင်မှုနှင့်အတူ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်။ အွန်လိုင်းဝန်ဆောင်မှုစနစ်များ၊ ဒစ်ဂျစ်တယ်နည်းပညာစနစ်များ ပိုမိုကျယ်ပြန့်စွာ အကောင်အထည် ဖော်လာနိုင်သောကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူတို့၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြုမှုအပေါ်များစွာ မှီခိုလာကြသည်။ အသုံးပြုမှုကျယ်ပြန့်လာသည်နှင့်အတူ ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုများလည်း များပြားလာခဲ့သည်။

ဉာဏ်ရည်တုနည်းပညာ (AI) ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် လူသားဖြစ်တည်မှုနှင့် လူနေမှုဘဝပတ်ဝန်းကျင်ကို လွှမ်းမိုးထိခိုက်နိုင်သည့် အခြေအနေများ ကြုံတွေ့လာသည်။ အမျိုးသားလုံခြုံရေးအထိ ပါဝင်လာနိုင်သောကြောင့် နိုင်ငံအများစုက ဉာဏ်ရည်တုနည်းပညာ (AI) ကို မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများဖြင့် ထိန်းကျောင်းရန် ကြိုးစားလာကြသည်။ သတင်းအချက်အလက်နှင့် နည်းပညာ ဆိုက်ဘာနယ်ပယ်တွင်လည်း စိန်ခေါ်မှုများများပြားလာသည့်အတွက် မျက်ခြည်မပြတ်စောင့်ကြည့်ရန် လိုအပ်လာသည်။

မြန်မာနိုင်ငံအနေဖြင့် နည်းပညာတိုးတက်ဖြစ်ထွန်းလာမှု နှင့်အတူ ကြိုတင်ကာကွယ် ဖြေရှင်းရန်လိုအပ်သော ဆိုက်ဘာလုံခြုံရေး မူဝါဒကို ၂၀၂၃ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ထားပါသည်။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒတွင် ပါဝင်သော အချက်အလက်များကို သက်ဆိုင်ရာနယ်ပယ်အလိုက် သိရှိနားလည်ဆောင်ရွက်ထားရန် လိုအပ်ပြီး AI နည်းပညာ၏ အသုံးဝင်မှုနှင့် အန္တရာယ်တို့ကို နားလည်သိရှိနားလည်နိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

**Source: မန္တလေးတိုင်းဒေသကြီး**

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

### မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်အနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့်အစီအမံများ ချမှတ်နိုင်ရန် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးအဖြတ်ချက်(၁၂)ချက်ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားအတွက် အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့ (Consumer International–CI) က သတ်မှတ်သည့် **“စားသုံးသူကဏ္ဍမြှင့်တင်ဖို့ သန့်ရှင်းစွမ်းအင်ကူးပြောင်းစို့”** (Empowering Consumers Through Clean Energy Transitions) ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး Billboard များစိုက်ထူခြင်း၊ ဥဏှာစမ်းပဟေဠိများ မေးမြန်းခြင်းနှင့် ဆုလက်ဆောင်ပေးခြင်း အစီအစဉ်များကို ထည့်သွင်းကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃) ဖြင့် မွန်ပြည်နယ်စားသုံးသူရေးရာကော်မတီတွင် မွန်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပြည်နယ်ဦးစီးမှူးနှင့်မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကိုယ်စားလှယ်တစ်ဦးတို့အား အဖွဲ့ဝင်များအဖြစ်ထည့်သွင်း၍ အဖွဲ့ဝင်(၉)ဦးဖြင့်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃) ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီတွင် ဦးစီးအရာရှိ၊ တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန “အစား” ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း“အစား” ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့အား အဖွဲ့ဝင်များအဖြစ်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်၊ မေလ ၃၀ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၃)ဖြင့် ပြည်ထောင်စုနယ်မြေ စားသုံးသူရေးရာကော်မတီတွင် ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန“အစား” ညွှန်ကြားရေးမှူး၊ နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဒုတိယခရိုင်ဥပဒေအရာရှိ၊ ဒဂ္ဂိဏာခရိုင်ဥပဒေရုံး “အစား” ခရိုင်ဥပဒေအရာရှိ၊ ပျဉ်းမနားခရိုင် ဥပဒေရုံးတို့အားအဖွဲ့ဝင်များအဖြစ်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၃) ဖြင့် ရန်ကုန်တိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီတွင် ကော်မတီအဖွဲ့ဝင်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီးမျိုးကြည်အား ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ၂၀၂၃ ခုနှစ်၊ ဧန်နဝါရီလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်၏ အမိန့်

အမှတ် (၁/၂၀၂၃)ဖြင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ရေးအတွက် အဖွဲ့ဝင် (၅) ဦးစီပါဝင်သော စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အထောက်အကူပြုလုပ်ငန်းကော်မတီ (၅) ရပ်ကိုဖွဲ့စည်းခဲ့ရာဌေးကြေးရေးကဏ္ဍတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးကအဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ခရီးသွားလာရေးကဏ္ဍတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန်က အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန်က အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ အစားအသောက်/ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းကဏ္ဍတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးက အဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်းအသီးသီး ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စားသုံးသူရေးရာကော်မတီများ အနေဖြင့်လည်း ၂၀၂၃ ခုနှစ်၊ ဧန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇၆) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ကော်မရှင်**

## ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### (၂၇) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့

(၂၇) ကြိမ်မြောက် အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့်အတူ ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၆)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ စားသုံးသူရေးရာအစီအစဉ် အစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ-ဂျာမနီ လုပ်ငန်းကြီးကြပ်ရေးကော်မတီအစည်းအဝေး၊ (၅) ကြိမ်မြောက် အာဆီယံစားသုံးသူအသင်းအဖွဲ့ ကွန်ရက်အစည်းအဝေးနှင့် အာဆီယံတရားမျှတမှုမရှိသည့် စာချုပ်စာတမ်းဝေါဟာရများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတို့ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိမြို့တွင် Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ဘာသာရပ်တာဝန်ခံများက Online စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက်ဆောင်ရွက်နေသည့် စားသုံးသူကာကွယ်ရေးဥပဒေ အကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းများကို နိုင်ငံအလိုက် တင်ပြခဲ့ကြပြီး ၂၀၂၃ ခုနှစ်အတွင်း အာဆီယံစားသုံးသူကာကွယ်ရေး

မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၂၅) အရ ဦးစားပေးဆောင်ရွက်ခဲ့သည့် အာဆီယံတရားမျှတမှုမရှိသော စာချုပ်စာတမ်းဝေါဟာရများ လမ်းညွှန်ချက်ရေးဆွဲသည့်လုပ်ငန်း၊ အာဆီယံ စားသုံးသူစွမ်းဆောင်နိုင်မှုအညွှန်းကိန်းစစ်တမ်း ကောက်ယူသည့်လုပ်ငန်း၊ မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်ခဲ့သော ကြော်ငြာနှင့်စျေးကွက်၊ ပုဂ္ဂိုလ်ရေးရာ အချက်အလက် ကာကွယ်ထိန်းသိမ်းမှုကဏ္ဍများတွင် သင်ခန်းစာရေးဆွဲပြုစုရေးလုပ်ငန်းများနှင့် ၂၀၂၅ အလွန် ဆောင်ရွက်သွားမည့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**Source: အာဆီယံ**

# စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

## SMART TV ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ တိုင်ကြားသူသည် ဈေးဝယ်စင်တာတစ်ခုတွင် ရောင်းချနေသော အာမခံသက်တမ်း (၂) နှစ်ပါရှိသည့် Smart TV 43” (LED) တစ်လုံးကို ၂၉-၈-၂၀၂၂ ရက်နေ့တွင် ဝယ်ယူခဲ့ကြောင်း၊ ၆-၅-၂၀၂၃ ရက်နေ့တွင် Display အစင်းကြောင်းပေါ်သဖြင့် ဝယ်ယူသည့်နေရာသို့ ဆက်သွယ်ပြောကြားခဲ့ရာ ၎င်းဆိုင်မှ ရန်ကုန်မြို့ရှိ xxx Center သို့ ပေးပို့ခဲ့ပြီး အဆိုပါ Center မှ မှန်ကွဲ၍ ဒေါင်လိုက်အစင်းထင်ခြင်း ဖြစ်ကြောင်း၊ ပြင်ဆင်ပါက ၄၉၆,၀၀၀/-ကျပ် ပေးရမည် ဖြစ်ကြောင်း ပြောကြားသဖြင့် ကျေနပ်မှုမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်၍ တိုင်ကြားလာပါကြောင်း၊ အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ နေပြည်တော်ဦးစီးမှူးရုံးမှ၊ တာဝန်ရှိသူများက ၂၆-၇-၂၀၂၃ ရက်နေ့တွင် တိုင်ကြားခံရသည့် ဈေးဝယ်စင်တာမှ အရောင်းမန်နေဂျာအား ခေါ်ယူပြီး ဖြေရှင်းပေးနိုင်မည့် အခြေအနေနှင့်ပတ်သက်၍ မေးမြန်းခဲ့ပါကြောင်း၊ ၂၈-၇-၂၀၂၃ ရက်နေ့တွင် တိုင်ကြားသူနှင့် တိုင်ကြားခံရသူ ဈေးဝယ်စင်တာ တာဝန်ခံတို့အား တွေ့ဆုံဆွေးနွေးပေးခဲ့ရာ ပစ္စည်းတင်သွင်းသူ (Supplier) ဖြစ်သည့် xxx ကုမ္ပဏီတွင် တာဝန်ရှိကြောင်းနှင့် အဆိုပါကုမ္ပဏီမှ ၇-၈-၂၀၂၃ ရက်နေ့တွင် လာရောက်ဖြေရှင်းရန် ချိန်းဆို သဘောတူညီခဲ့ကြပါကြောင်း၊ xxx ကုမ္ပဏီဘက်မှ ဝယ်ယူသူ၏ အမှားကြောင့်ဖြစ်ရခြင်းဖြစ်သဖြင့် တာဝန်ယူဆောင်ရွက်ပေးရန် မဖြစ်နိုင်ကြောင်း ပြောကြားလာမှုအပေါ် နေပြည်တော်ဦးစီးမှူးရုံးက တိုင်ကြားခံရသည့် ဈေးဝယ်စင်တာသို့ အပြည့်အဝတာဝန်ယူရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် (ပုံစံ၁၀) ကို ချမှတ်လိုက်ပြီး အဆိုပါ ဈေးဝယ်စင်တာသို့ အကြောင်းကြားခဲ့ရာ ဈေးဝယ်စင်တာမှ တိုင်ကြားသူ၏ နစ်နာမှုအတွက် ငွေကျပ် ၅၀၀,၀၀၀/- သို့မဟုတ် ငွေကျပ်ငါးသိန်းတန် City Gift ပေး၍ ကြိုက်နှစ်သက်ရာ ဝယ်ယူနိုင်ကြောင်း ပြန်ကြားလာခဲ့သည့် အတွက် တိုင်ကြားသူမှ 32”Smart (Samsung ) TV တစ်လုံးအား ဈေးဝယ်စင်တာမှ အစားထိုးဝယ်ယူခဲ့ပြီး နှစ်ဦးနှစ်ဖက် ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**Source: CICC**

## အထည်ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်နေ တိုင်ကြားသူတစ်ဦးက Online တွင် ရောင်းချသော အထည်ပင်ရင်းဆိုင်တစ်ခုထံမှ ဂျင်းတမူးလုံချည် (၁) ကွင်းလျှင် ငွေကျပ် ၅,၄၅၀/- နှုန်းဖြင့် အကွင်း (၄၀) ကို ငွေကျပ် ၂၁၈,၀၀၀/- ကျပ် ပေးချေဝယ်ယူခဲ့ပြီး xxx Account သို့ K-Pay ဖြင့် ပထမအကြိမ် ငွေကျပ် ၁၉၆,၀၀၀/- နှင့် ဒုတိယအကြိမ် ငွေကျပ် ၂၂,၀၀၀/- ကျပ် စုစုပေါင်း (၂) ကြိမ် ငွေလွှဲပေးပို့ခဲ့သော်လည်း ပစ္စည်းပေးပို့လာခြင်း မရှိသဖြင့် ဖြေရှင်းဆောင်ရွက်ပေးပါရန် ၇-၇-၂၀၂၃ ရက်နေ့တွင် Email မှတဆင့် တိုင်ကြားလာပါကြောင်း၊ အဆိုပါ

တိုင်ကြားမှုနှင့်ပတ်သက် ၍ စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ အဆိုပါ Online Shopping Page ကို လိုက်လံစုံစမ်းခဲ့ရာ ယင်း Online Shopping သည် ရန်ကုန်မြို့တွင် ဆိုင်ဖွင့်လှစ် ရောင်းချ၍ Online ပေါ်တွင် xxx အမည်ဖြင့် Online Shopping Page ကို ဖွင့်လှစ်ပြီး ပိုင်ရှင် xxx မှ အထည်များ ရောင်းချလျက်ရှိ ကြောင်း၊ ပိုင်ရှင်ထံသို့ ဆက်သွယ်ရမည့် ဖုန်းများကို အဆင့်ဆင့်ရှာဖွေ၍ ဆက်သွယ်ညှိနှိုင်းဖြေရှင်းပေးခဲ့ရာ ငွေပြန်လည်အမ်းပေးမည်ဖြစ်ကြောင်း ညှိနှိုင်းမှုရရှိခဲ့ပြီး ၁၅-၇-၂၀၂၃ ရက်နေ့တွင် တိုင်ကြားသူမှ အထည်ဖိုး ငွေကျပ် ၂၁၈,၀၀၀/- ကျပ်အား လက်ခံရရှိပြီး ဖြစ်ပါ ကြောင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ကျေနပ်မှုရှိ သောကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ ကြောင်း သိရှိရပါသည်။ **Source: CICC**

## ယာဉ်လိုင်းဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နေ တိုင်ကြားသူ သည် ၁၂-၁၀-၂၀၂၃ ရက်နေ့တွင် မကွေးမြို့မှမြစ်ကြီးနား မြို့သို့ ပြေးဆွဲနေသော ကားဂိတ်တစ်ခုသို့ ကော်ခြင်း(၁) လုံး၊ ဆန် (၁၂) ပြည်နှင့် ပဲကြော် (၅) ပိဿာပါ ပိနံအိတ် တစ်လုံး၊ ခရမ်းချဉ်သီးသေတ္တာတစ်လုံးတို့အား တန်ဆာခ ၂၈,၀၀၀/- ကျပ်ပေး၍ မကွေးမှ မြစ်ကြီးနား (ပမွတီး) သို့ တင်ပို့ရန် အပ်နှံခဲ့ကြောင်း၊ ၁၄-၁၀-၂၀၂၃ ရက်နေ့တွင် ကုန်ပစ္စည်းများ ရောက်ရှိသော်လည်း ဆန် (၁၂) ပြည်နှင့် ပဲကြော် (၅) ပိဿာပါ ပိနံအိတ်မှာ ရေစို၍ ပျက်စီးသွားမှု အပေါ် ကားဂိတ်မှ တာဝန်ယူဖြေရှင်းပေးခြင်းမရှိသဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် တိုင်ကြားလာပါကြောင်း၊ အဆိုပါတိုင်ကြားမှုနှင့်ပတ် သက်၍ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူ များက ၁၆-၁၀-၂၀၂၃ ရက်နေ့တွင် စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ နစ်နာဆုံးရှုံးမှု ရှိ/မရှိ စိစစ်ခြင်း၊ ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် ယာဉ်လိုင်းမှ တာဝန်ရှိသူများထံ မေးမြန်းစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ လမ်းခရီးတွင် ရေကြီးသောကြောင့် ကား၏ ဝန်းဗိုက်အတွင်း သယ် ဆောင်လာသော ကုန်ပစ္စည်းများ ရေစိုပျက်စီးသွားခြင်း ဖြစ်ကြောင်း၊ အဆိုပါ ဖြစ်စဉ်မှာလည်း မြစ်ကြီးနားသို့ သွားသော ယာဉ်လိုင်းအားလုံးတွင် ကြုံတွေ့ရကြောင်း၊ ပျက်စီးဆုံးရှုံးမှုမှာ သဘာဝဘေးကြောင့်ဖြစ်ပြီး မြစ်ကြီးနား ယာဉ်လိုင်းကြီးကြပ်မှု ကော်မတီမှ တန်ဆာခများကို ပေးလျော်စေကြောင်း၊ သဘာဝဘေးကြောင့်ပျက်စီးမှု အပေါ် မိမိတို့ယာဉ်လိုင်းအနေဖြင့် စားသုံးသူရေးရာ

ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို လိုက်နာသွားမည်ဟု ဖြေကြားခဲ့ပါကြောင်း၊ ယာဉ်လိုင်းတာဝန်ရှိသူ၏ ပြော ကြားမှုများ မှန်ကန်မှု ရှိ/မရှိ သိရှိနိုင်ရန် ကချင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှတဆင့် မြစ်ကြီးနားယာဉ် လိုင်းကြီးကြပ်မှုကော်မတီသို့ ချိတ်ဆက်မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါရက်များတွင် ရေကြီးမှုဖြစ်စဉ် ရှိခဲ့သော်လည်း ယာဉ်လိုင်းကြီးကြပ်မှု ကော်မတီမှဝင် ရောက်ဖြေရှင်းပေးရသည့် အမှုမရှိခဲ့ကြောင်းနှင့် ယာဉ် ဝန်းဗိုက်အခန်း ရေမလုံသည့်ကားများတွင် ပျက်စီးမှု ရှိကြောင်း ဖြေကြားလာခဲ့ကြောင်း၊ မြစ်ကြီးနားယာဉ်လိုင်း ကြီးကြပ်မှုကော်မတီ၏ ဖြေကြားချက်နှင့်စပ်လျဉ်း၍ “xxx” ယာဉ်လိုင်းတာဝန်ရှိသူသို့ ဆက်သွယ်ပြောကြားခဲ့ ရာ ရေစိုသည့်ဆန်အိတ်ကို တိုင်ကြားသူမှ ပြန်ယူသွားပြီ ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးသည့် ပဲကြော် (၅) ပိဿာကို ဂိတ်တွင် ထားခဲ့သောကြောင့် ၎င်းပဲကြော် (၅) ပိဿာ တန်ဖိုးကိုသာ ပေးလျော်သွားမည်ဟု ညှိနှိုင်းရရှိခဲ့ ကြောင်း၊၎င်းညှိနှိုင်းရရှိမှုအား တိုင်ကြားသူထံဆက်သွယ် ပြောကြားရာတွင် သဘောတူလက်ခံကြောင်း ပြောကြား ခဲ့ပါသည်။ ဌာန၏ စေ့စပ်ညှိနှိုင်းပေးမှုအရ ၂၄-၁၀-၂၀၂၃

ရက်နေ့တွင် ယာဉ်လိုင်းမှ တာဝန်ရှိသူက တိုင်ကြားသူသို့ ပျက်စီးခဲ့သော ပဲကြမ်း (၅)ပိဿာတန်ဖိုး ကျသင့်ငွေကျပ် ၄၅,၀၀၀/-အား စားသုံးသူရေးရာဦးစီးဌာန၏ တာဝန်ရှိသူများရှေ့မှောက်တွင် ပြန်လည်ပေးလျော်ခဲ့ပြီး တိုင်ကြားသူ

## အွန်လိုင်းမှတစ်ဆင့် လက်ကိုင်ဖုန်းဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်နေ တိုင် ကြားသူတစ်ဦးသည် လူမှုကွန်ရက်စာမျက်နှာရှိ “xxx” အကောင့်မှ လက်ကိုင်ဖုန်းအား ဝယ်ယူ၍ ၁၈-၆-၂၀၂၃ ရက်နေ့တွင် K-Pay (ဖုန်း 09-xxxxx) ထံသို့ ငွေ ၆၀,၀၀၀/-ကျပ် လွှဲပေးခဲ့ရာ Facebook အကောင့်နှင့် ဖုန်းနံပါတ်များအား Block သွားပြီးမှာယူသည့် ပစ္စည်းကို ပေးပို့ခြင်းမရှိသည့်အတွက် စားသုံးသူရေးရာဦးစီးဌာန၊ သို့ Website Complaint System တိုင်ကြားလာပါသည်။ အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး ငွေလွှဲထားသော ဖုန်းနံပါတ်အား ဦးစီးမှူးရုံးက ဆက်သွယ်ခဲ့ရာ ဆက်သွယ်၍မရပါသဖြင့် KBZဘဏ်သို့ ၀၉-xxxxx ဖြင့် ဖွင့်လှစ်ထားသော KPay အကောင့်အား နောက်ထပ်လိမ်လည်မှုများ မဖြစ်စေရန်ပိတ်သိမ်းစေခြင်းနှင့် လိမ်လည်ခံရသောငွေများ ပြန်လည်ရရှိနိုင်စေရန် ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ KBZ ဘဏ် (ကော့သောင်းဘဏ်ခွဲ)နှင့် ချိတ်ဆက်၍ တိုင်ကြားသူမှ စိတ်ကျေနပ်မှု ရရှိသောကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

ကိုယ်တိုင် ရဲစခန်းထောက်ခံချက်ရယူပြီး ဘဏ်သို့ ပေးပို့ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်ကြားသူမှ သက်ဆိုင်ရာ ရဲစခန်းတွင်လည်း အမှုဖွင့်ဆောင်ရွက်ခဲ့သည့်အတွက် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် တိုင်ကြားသူအား ခေါ်ယူတွေ့ဆုံ၍ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားသဖြင့် စားသုံးသူကာကွယ်ရေးနည်းဥပဒေများ ပုဒ်မ ၈၀၊ ပုဒ်မခွဲ (ဂ) အရ တိုင်ကြားမှုအား ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် အွန်လိုင်းမှရောင်းချသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် လိမ်လည်မှုများရှိနေသဖြင့် နောင်တွင်သတိပြုရန်နှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ထုတ်ပြန်ကြေညာချက်များအား အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**Source: CICC**

## စားသောက်ဆိုင်မှညှော်နှံနံသဖြင့် တိုင်ကြားခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ တိုင်ကြားသူသည် နေအိမ်အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်မှ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ၏ကျန်းမာရေးဆိုးဝါးစွာ ထိခိုက်လျက်ရှိသဖြင့် ဖြေရှင်းဆောင်ရွက်ပေးပါရန် ဆက်သွယ်တိုင်ကြားလာပါကြောင်း၊ အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားမှုသည် စားသုံးသူ နစ်နာမှု မဟုတ်သည့်အတွက် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခြင်း မရှိ

သဖြင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ မုံရွာမြို့သို့ စည်ပင်သာယာရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းများ

နှင့်အညီ အရေးယူဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းအကြောင်းကြားခဲ့ကြောင်း၊ မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၁-၇-၂၀၂၃ ရက်နေ့တွင် တိုင်ကြားခံရသည့် စားသောက်ဆိုင်အား ကွင်းဆင်းစစ်ဆေးရာ ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းသည်လူနေအိမ်များနှင့် နီးကပ်လျက်ရှိခြင်းကြောင့် ဆိုင်ခန်းအတွင်းရှိ မီးဖိုခန်းတွင် အစားအသောက်များ ချက်ပြုတ်ရာမှ ထွက်ရှိသော အနံ့ဆိုးများ၊ ညှော်နံ့များအား စနစ်တကျ စွန့်ထုတ်ရန် မီးခိုးခေါင်းတိုင်များ ညှော်စုပ်စက်များတပ်ဆင်ထားမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းဆိုင်မှ ထွက်ရှိသည့်အနံ့ဆိုးများ၊ ညှော်နံ့များကြောင့်ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်မှုမရှိစေရန်အတွက် မီးခိုးခေါင်းတိုင်နှင့် ညှော်စုပ်စက်အား ၁၅-၈-၂၀၂၃ ရက်နေ့အပြီး တပ်ဆင်ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်မှုမရှိပါက စည်ပင်သာယာရေးဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ ၁၆-၈-၂၀၂၃ ရက်နေ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တိုင်ကြားခံရသည့် စားသောက်ဆိုင်အားကွင်းဆင်းစစ်ဆေးရာ ဝန်ခံကတိပြုထားသည့်အတိုင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဓါတ်ပုံမှတ်တမ်းများနှင့်တကွပေးပို့အကြောင်းကြားလာမှုအပေါ် စားသုံးသူရေးရာဦးစီးဌာနက တာဝန်ရှိသူများက တိုင်ကြားသူထံ ဆက်သွယ်ရှင်းလင်းပြောကြားခဲ့ရာ ကျေနပ်မှုရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

**Source: CICC**

## ပညာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍တိုင်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်နေတိုင်ကြားသူတစ်ဦးသည် ၁၀-၅-၂၀၂၃ ရက်နေ့တွင် xxx Acamdemy ကျောင်းတွင် University of xxx မှ MBA ဘွဲ့ရရှိမည်ဟု ကြော်ငြာထားသည့်အတွက် ကျောင်းလခ ၁၂,၁၉၂,၀၀၀/-ကျပ် ပေးသွင်းပြီးကျောင်းတက်ခဲ့ရာ ကျောင်းတက်ချိန် (၁) နှစ် (၆) လခန့်ကြာသည်အထိ MBA ဘွဲ့မရရှိသေးဘဲ Diploma လက်မှတ်သာရရှိခဲ့ကြောင်း၊ xxx Acamdemy မှ Diploma လက်မှတ်သာရရှိခြင်း၊ University of xxx မှ Thesis အားအောင်မြင်ပြီး မြောက်မှသာ University of xxx မှ MBA ဘွဲ့ရရှိမည်ဖြစ်သော်လည်း xxx Acamdemy နှင့် University of xxx မှာ ချိတ်ဆက်မှုမရှိတော့သည်ကိုပွင့်လင်းမြင်သာမှုရှိစွာ ချပြမှုမရှိခြင်းတို့နှင့်ပတ်သက်၍ Website Complaint System မှတဆင့် ဆက်သွယ်တိုင်ကြားလာပါသည်။ တိုင်ကြားမှုနှင့်ပတ်သက်၍ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၏ စေ့စပ်ညှိနှိုင်းပေးမှုအရ xxx University မှ တိုင်ကြားသူအား ကျပ်သိန်း (၁၁၀) ပြန်အမ်းပေးရန်၊ ပြန်အမ်းငွေ တစ်ဝက် (၅၅) သိန်းကျပ်အား သဘောတူစာချုပ်ချုပ်ဆိုသည့်နေ့တွင် ပထမအကြိမ် ပေးချေရမည်ဖြစ်ပြီး ကျန်ရှိငွေတစ်ဝက်အား ဒုတိယအကြိမ်ရက်ပေါင်း (၉၀) အတွင်း ပြန်အမ်းပေးရန် သဘောတူညီမှုရရှိခဲ့ပါကြောင်း၊ သဘောတူညီချက်အရ ၈-၈-၂၀၂၃ ရက်နေ့တွင် ပထမအကြိမ် ငွေကျပ် (၅၅) သိန်း ပေးချေခဲ့ပြီး၊ ၉-၁၁-၂၀၂၃ ရက်နေ့တွင် ဒုတိယအကြိမ် ငွေကျပ် (၅၅) သိန်း အပြေအကြေပေးချေခဲ့ပြီးဖြစ်သဖြင့် တိုင်ကြားသူမှာလည်း ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိပါသည်။

**Source: CICC**

## ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တိုင်ကြားမှုစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | တိုင်ကြားမှု | | |
|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | ပေါင်း |
| ၁။ | စားသုံးသူရေးရာ(ရုံးချုပ်) | ၀ | ၇ | ၇ |
| ၂။ | ပြည်ထောင်စုနယ်မြေ | ၆ | ၂၁ | ၂၇ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး | ၁၇ | ၁၆၁ | ၁၇၈ |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၇ | ၄၃ | ၅၀ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၄ | ၅ | ၉ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ၈ | ၁၁ | ၁၉ |
| ၇။ | မကွေးတိုင်းဒေသကြီး | ၄ | ၉ | ၁၃ |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ၄ | ၁၈ | ၂၂ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | - | ၈ | ၈ |
| ၁၀။ | ကချင်ပြည်နယ် | - | ၄ | ၄ |
| ၁၁။ | ကယားပြည်နယ် | ၁ | - | ၁ |
| ၁၂။ | ကရင်ပြည်နယ် | - | ၉ | ၉ |
| ၁၃။ | မွန်ပြည်နယ် | ၂ | ၃ | ၅ |
| ၁၄။ | ရခိုင်ပြည်နယ် | ၃ | ၃ | ၆ |
| ၁၅။ | ရှမ်းပြည်နယ် | ၄ | ၇ | ၁၁ |
| **စုစုပေါင်း** | | **၆၀** | **၃၀၉** | **၃၆၉** |

| | |
|---|---|
| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် (CICC) များသို့တိုင်ကြားမှု | ၆၃ မှု |
| Website Complaint System သို့ တိုင်ကြားမှု | ၁၇၈ မှု |
| FB Page / စာ / ဖုန်း / email တို့ဖြင့် တိုင်ကြားမှု | ၁၂၈ မှု |

**Source: CICC**

## ကုန်စည်အမျိုးအစားအလိုက် တိုင်ကြားမှုအခြေအနေ




## ဝန်ဆောင်မှုအမျိုးအစားအလိုက် တိုင်ကြားမှုအခြေအနေ




**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### ကုန်အညွှန်းအမှတ်အသားများ စိစစ်ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်မှ ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားကြောင်း၊ ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလ အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်-

**Source: ထုတ်လုံ**

| စဉ် | လအမည် | စိစစ်ရန်တင်ပြလာမှုအခြေအနေ | | ခွင့်ပြုခဲ့သည့် အခြေအနေ | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၄၆ | ၁၃၉ | ၄၆ | ၁၃၉ |
| ၂။ | ဖေဖော်ဝါရီလ | ၄၂ | ၁၉၂ | ၄၂ | ၁၉၂ |
| ၃။ | မတ်လ | ၄၂ | ၁၄၇ | ၄၂ | ၁၄၇ |
| ၄။ | ဧပြီလ | ၃၆ | ၉၉ | ၃၅ | ၉၅ |
| ၅။ | မေလ | ၅၁ | ၁၂၀ | ၅၁ | ၁၂၀ |
| ၆။ | ဇွန်လ | ၄၈ | ၈၈ | ၄၈ | ၈၈ |
| ၇။ | ဇူလိုင်လ | ၆၀ | ၁၃၉ | ၆၀ | ၁၃၉ |
| ၈။ | သြဂုတ်လ | ၆၈ | ၂၂၂ | ၆၈ | ၂၂၂ |
| ၉။ | စက်တင်ဘာလ | ၆၀ | ၁၄၄ | ၆၀ | ၁၄၄ |
| ၁၀။ | အောက်တိုဘာလ | ၇၈ | ၂၃၉ | ၇၈ | ၂၂၃ |
| ၁၁။ | နိုဝင်ဘာလ | ၅၀ | ၁၃၁ | ၅၀ | ၁၃၁ |
| ၁၂။ | ဒီဇင်ဘာလ | ၃၉ | ၁၁၈ | ၃၉ | ၁၁၈ |
| **စုစုပေါင်း** | | **၆၂၁** | **၁၇၇၈** | **၆၁၉** | **၁၇၅၈** |

## ကုန်အညွှန်းအမှတ်အသား တင်ပြလာမှုအခြေအနေ




## ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုခဲ့သည့် အခြေအနေ




**Source: ထုတ်လုံ**

## ၂၀၂၃ ခုနှစ် (ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ) ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စစ်ဆေးခဲ့သည့်အကြိမ်ရေ |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၃၆၄ |
| ၂။ | ကယားပြည်နယ် | ၃၃ |
| ၃။ | ကရင်ပြည်နယ် | ၁၁၈ |
| ၄။ | ချင်းပြည်နယ် | ၁၈ |
| ၅။ | မွန်ပြည်နယ် | ၂၆၇ |
| ၆။ | ရခိုင်ပြည်နယ် | ၃၆၆ |
| ၇။ | ရှမ်းပြည်နယ် (တောင်ကြီး) | ၁၃၉ |
| ၈။ | ရှမ်းပြည်နယ် (ကျိုင်းတုံ) | ၈၅ |
| ၉။ | ရှမ်းပြည်နယ် (လားရှိုး) | ၁၃၃ |
| ၁၀။ | ပြည်ထောင်စုနယ်မြေ | ၁၆၂ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၃၀ |
| ၁၂။ | ပဲခူးတိုင်းဒေသကြီး | ၈၄၀ |
| ၁၃။ | မန္တလေးတိုင်းဒေသကြီး | ၄၃၅ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၆၇၄ |
| ၁၅။ | တနင်္သာရီတိုင်းဒေသကြီး | ၁၆၆ |
| ၁၆။ | ရန်ကုန်တိုင်းဒေသကြီး | ၁၈၀၄၀ |
| ၁၇။ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၁၉ |
| **စုစုပေါင်း** | | **၂၃၃၈၉** |

**Source: ထုတ်လုံ**




**Source: ထုတ်လုံ**

## စားသုံးသူအသိပညာပေးရေးကဏ္ဍ

### အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းမှတ်ပုံတင်ကြေးအား သတ်မှတ်ကောက်ခံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းမှတ်ပုံတင်စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ အောက်တို ဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း ခွင့်ပြုခဲ့သော မှတ်ပုံတင်များအတွက် သက်တမ်း ၆ လဖြင့် မှတ်ပုံတင်ကြေးကင်းလွတ် ခွင့်ပြုပေးခဲ့ပါသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းမှတ်ပုံတင်ကြေးအတွက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ခွင့်ပြုမည့် မှတ်ပုံတင်များအား သက်တမ်း ၂ နှစ်အထိ ခွင့်ပြုမည်ဖြစ်ပြီး တစ်ဖက်ဖော်ပြပါ သက်တမ်းနှုန်းထားများဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

**Source: သတင်း/နည်း**

| စဉ် | အမျိုးအစား | မှတ်ပုံတင်ကြေး | သက်တမ်းတိုးကြေး | ပြင်ဆင်ကြေး |
|---|---|---|---|---|
| (က) | ကုမ္ပဏီ(သို့)စီးပွားရေးအဖွဲ့အစည်း | ၇၀,၀၀၀ ကျပ် | ၇၀,၀၀၀ ကျပ် | တချက်လျှင်-၃၀၀၀ ကျပ် |
| (ခ) | SMEလုပ်ငန်းဆိုင်ရာအသိအမှတ်ပြုထားသည့် အထောက်အထားတစ်ခုခုပါရှိသည့် ကုမ္ပဏီ(သို့) စီးပွားရေးအဖွဲ့အစည်း | ၅၀,၀၀၀ ကျပ် | ၅၀,၀၀၀ ကျပ် | တချက်လျှင်-၃၀၀၀ ကျပ် |
| (ဂ) | လူပုဂ္ဂိုလ်တစ်ဦးချင်း | ၃၀,၀၀၀ ကျပ် | ၃၀,၀၀၀ ကျပ် | တချက်လျှင်-၃၀၀၀ ကျပ် |

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စားသုံးသူကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းများဖြစ်သော စားသုံးသူအသိပညာပေးဆွေးနွေးပွဲများကျင်းပခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းနှင့် ပြခန်းများဖွင့်လှစ်ခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

### နေပြည်တော်ကောင်စီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူအသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲစသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း အသိပညာပေးဟောပြောပွဲဆွေးနွေးခြင်းကို နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့် (၄၃) ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၇) ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း (၁) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဦးစီးမှူးရုံးအစည်းအဝေးကျင်းပခြင်း (၄) ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရရုံသာမက ထုတ်ကုန်များ အရည်အသွေးတိုးမြှင့်စေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ စားသုံးသူများကို ဖိတ်ကြားပြီး “ဒေသထွက်သီးနှံ ပို့ကုန်တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ကြောင်းသတင်းရရှိပါသည်။

### ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များအတွင်းရှိ ကျောင်းများ၊ စျေးများ နှင့် တက္ကသိုလ်များတွင် ဆောင်ရွက်ခြင်း၊ စားသုံးသူပြည်သူများအနေဖြင့် ယင်းတို့ရရှိမည့် အခွင့်အရေးများကို ပိုမိုသိရှိလာပြီး တောင်းဆိုနိုင်စေရန်အတွက် ရည်ရွယ်၍ သက်ဆိုင်ရာခရိုင်၊ မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ Talk Show

အစီအစဉ်များ ဆောင်ရွက်ခြင်း၊ ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့်စုစုပေါင်း (၁၃၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် စားသုံးသူကာကွယ်ရေးများကို

ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် စားသုံးသူကို အသိပညာပေးခြင်းသာမက စီးပွားရေးလုပ်ငန်းရှင်များကိုပါ အသိပေးခြင်းများ ဆောင်ရွက်ရမည့်ဖြစ်သည့် အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်များအပါအဝင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်စေရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများကို စုစုပေါင်း (၉၈) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စားသုံးသူများအနေဖြင့် ဝယ်ယူသုံးစွဲလျက်ရှိသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် စွဲးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၁၈,၀၄၀) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်စည်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများအား သတင်းအချက်အလက် ပြည့်ဝစွာပေးအပ်နိုင်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်နှင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ စားသုံးသူကာကွယ်ရေးဥပဒေ၊ အခန်း (၁၈)

## မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူအသိပညာပေး ဟောပြောခြင်းများကို တက္ကသိုလ်/ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်/ကျေးရွာများ၊ စွဲးများ၊ စားသုံးဆိုင်များ၊ စက်သုံးဆီဆိုင်များ၊ စတိုးဆိုင်များတွင် (၂၇၇) ကြိမ်၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်း (၄၅၅) ကြိမ်၊ စွဲးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၄၃၅) ကြိမ် နှင့် စားသုံးသူတိုင်ကြားမှု (၅၀) မှုကို လက်ခံဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်တွင်းကုန်သွယ်ရေး မြှင့်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ပြနိုင်စေရန်တို့အတွက် ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ဖော်ပြချက်များကို စိစစ်ပေးမှုများ ဆောင်ရွက်ခြင်းနှင့် ဥပဒေပါအချက်အလက်များရှင်းလင်းဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ်အတွင်း တိုင်ကြားမှု (၁၇၈) မှုလက်ခံရရှိခဲ့ပြီး (၁၃၀) မှုအား ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် စားသုံးသူများအနေဖြင့် ကုန်စည်များကို အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရန်၊ ကုန်စည်များနှင့်ပတ်သက်ပြီး လိုအပ်သော သတင်းအချက်အလက်များ အပြည့်အဝ ရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေ ဖြင့်လည်း လိုက်နာရမည့် တာဝန်များကို ပိုမိုသိရှိနားလည်စေရန်အတွက် ရည်ရွယ်၍ ပြည့်စုံမှန်ကန်သော **"ကုန်အညွှန်းအမှတ် အသားများမှတစ်ဆင့် ကောင်းမွန်သန့်ရှင်းသော ပတ်ဝန်းကျင်ဆီသို့"** အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

တင်ရေးကိစ္စများ၊ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးဝါးများ ပြတ်လပ်မှု မရှိစေရေးနှင့် စွဲးကွက်တည်ငြိမ်ရေးကိစ္စများ၊ တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်ရေးကိစ္စများ၊ အသင်းအဖွဲ့များအားကောင်းခိုင်မာရေးကိစ္စများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ပို့ကုန်ဝင်ငွေပြန်လည်ရရှိရေးကိစ္စများ၊ အသေးစား၊ အလတ်စား ထို့အပြင်

(SMEs)များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးကိစ္စများ၊ ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးကိစ္စများအား ရုံးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုများအရ အခြားသက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးဆီအဓိကဖြန့်ဖြူးရောင်းချသူများနှင့် တစ်ဆင့်ခံ ရောင်းချသူများ၏ စားသုံးဆီများတွင် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများနှင့် အခြားပစ္စည်းများ ရောနှောမှု၊ ဆီအတုပြုလုပ်မှုမရှိစေရေးအတွက် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများပါဝင်သော အဖွဲ့ဖြင့် ဆီစက် (၂) စက်နှင့် ဆိုင်(၁၄) နေရာမှ ဆီနမူနာ (၃၀) မျိုးအား ကောက်ယူပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (နေပြည်တော်)သို့ ပေးပို့စစ်ဆေးခဲ့ရာ ဆီစက် (၁) ခုနှင့်ဆိုင် (၅) ဆိုင်မှ ဓာတ်ခွဲအဖြေများ၌ ပဲဆီ၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် အဆိုပါ ဆီစက် (၁)ခုနှင့် ဆိုင် (၅) ဆိုင်တို့အား စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ-၇၁(က)အရ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၏ စစ်ဆေးရေးအရာရှိများမှ တရားလိုပြုလုပ် တရားစွဲဆို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

## ရောဝတီတိုင်းဒေသကြီး

ရောဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးသူပြည်သူများ စီးပွားရေးလုပ်ငန်းရှင်များ စားသုံးသူကာကွယ်ရေးဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ၂၀၂၃ခုနှစ်အတွင်း အသိပညာပေးဟောပြောခြင်း ( ၆၉၄ ) ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များအား တွေ့ဆုံဆွေးနွေးခြင်း (၃၇၂) ကြိမ်၊ စားသုံးသူရေးရာ ထို့နောက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် ဦးစားပေးကုန်စည် (၁၀) မျိုးတွင် ပါဝင်သော စားသုံးဆီအမှတ်တံဆိပ် (၂) မျိုးသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင်စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက် အမှတ် (၁/၂၀၂၁) ကို ဖောက်ဖျက်ခြင်းနှင့် စားသုံးဆီအမှတ်တံဆိပ် (၁) မျိုးသည် စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ ၂၃(ခ) တို့ကို လိုက်နာမှုမရှိကြောင်း စိစစ်တွေ့ရှိရခြင်း၊ ပြည်တွင်း/ ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် အချို့ရည် (၃၀) မျိုးမှာမြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်မှ ထုတ်ပြန်ထားသော ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တစ်ခု သို့မဟုတ် တစ်ခုထက် ပို၍တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရခြင်း တို့အတွက် တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်များအား သတိပေးခြင်း အမိန့်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ကလေးအဟာရ ဖြည့်စွက်စာအမျိုးအစားများအနက် (၁ ) မျိုးနှင့် သောက်ရေသန့် (၂) မျိုးတို့တွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် အရေးယူနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိပါသည်။

ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆) ကြိမ်၊ စားသုံးသူတိုင်ကြားမှု (၁၉) မှု လက်ခံရရှိရှိခဲ့ပြီး (၁၆) မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် စျေးများ၊ ကျောင်းမုန့်စျေးတန်းများ၊ ဆေးဆိုင်များ၊ ရပ်ကွက်/ ကျေးရွာများအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုး ဆိုင်များနှင့် Super Market များ၌ စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၁၂၁၉) ကြိမ်၊ ကုန်စည်အမျိုးအစားအလိုက် ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်တွင် သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှုရှိသည့် ကုန်ပစ္စည်းမျိုးစုံ (၅၄) မျိုးအား စိစစ်ပြန်ကြားပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး၊ Website တွင် သတင်းဖော်ပြနိုင်မှု အနေဖြင့် (၈၈၂) ပုဒ် ဖော်ပြနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပထမဦးစားပေးအဖြစ် တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၊ ဒုတိယဦးစားပေးအဖြစ် အခြေခံပညာကျောင်းများ၊ တတိယဦးစားပေးအဖြစ် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာများသို့ အသိပညာပေးရန် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီက လျာထားခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသိပညာပေးဟောပြောခြင်း (၁၄၉) ကြိမ်၊ ထို့အပြင် ကုန်စည်ထုတ်ကုန်ပစ္စည်းများဖြန့်ဖြူးရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံအသိပညာပေးခြင်း (၃၂၂) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ (၂) ကြိမ်၊ သင်တန်း (၃) ကြိမ် ဆောင်ရွက်ခဲ့ပြီး စားသုံးသူနစ်နာမှုများအတွက် တိုင်ကြားမှု (၉) မှုရှိသည့်အနက် အမှု (၈) မှုကို ဖြေရှင်း ဆောင်ရွက်ခဲ့ပြီး ကျန် (၁) မှုမှာ ဖြေရှင်းဆောင်ရွက်ဆဲဖြစ်ကြောင်း၊ထို့နောက် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးရန်နှင့် အန္တရာယ်ရှိ ကုန်စည်များကို စျေးကွက်တွင် ရောင်းချမှုမရှိစေရန်၊ စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံ

စိတ်ချရမှုရှိသော ကုန်စည်၊ ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စျေးကွက်အတွင်းရှိ ကုန်စည်၊ ဝန်ဆောင်မှုများအား ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာနမှ ထောက်ခံချက်မရှိသော စားသုံးဆီများဖြန့်ဖြူးရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိရာ စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၃၃၀) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သော စားသုံးသူကာကွယ်ရေးလုပ်ငန်းများအပေါ် သုံးသပ်ခြင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်း ချမှတ်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

## ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးဦးမှူးရုံးအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် စိတ်ကျေနပ်မှုရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်

သည့် အရည်အသွေးမြင့်မားသော ကုန်စည်နှင့် ဝန်ဆောင်မှုများဖော်ဆောင် ဖြည့်ဆည်းပေးနိုင်ရန် အသိပညာပေးခြင်း၊ သက်ဆိုင်ရာခရိုင်/မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အွန်လိုင်းမှတဆင့် စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး Talk Show အစီအစဉ်များပြုလုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဈေးကွက်အတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ ပြည်တွင်း အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ တိုင်းဒေသကြီးစားသုံးသူရေးရာ ကော်မတီအစည်းအဝေးကျင်းပခြင်းများဆောင်ရွက်ခဲ့ရာ ၂၀၂၃ခုနှစ်အတွင်းတက္ကသိုလ်/ကောလိပ်၊ အခြေခံပညာ ကျောင်းများ၊ ရပ်ကွက်များ၊ ကျေးရွာများ၊ ဈေးများတွင် စားသုံးသူကာကွယ်ရေးအသိပညာပေးခြင်း (၆၇၇) ကြိမ် ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း (၈၇၁) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း (၂ ) ကြိမ်၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာ

## မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း အသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် (၄၇၃) ကြိမ်၊ တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံမှုရှိသော ကုန်စည်များ ရွေးချယ်ဝယ်ယူနိုင်ရေး၊ လုပ်ငန်းရှင်များမှလည်း စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသော ကုန်စည်များအပေါ်တွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြလာစေရေးအတွက် **"စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရေးနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ"** အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် မကွေးတိုင်းဒေသကြီးအတွင်း ရပ်ကွက်/ ကျေးရွာများရှိ စားသုံးဆီအရောင်းဆိုင်မှ လုပ်ငန်းရှင်များ၊ စက်သုံးဆီအရောင်းဆိုင်များမှ လုပ်ငန်းရှင်များ၊ ရေသန့်လုပ်ငန်းရှင်များ၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်မှ လုပ်ငန်းရှင်များ၊ ကုန်မျိုးစုံရောင်းချသည့် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၂) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အတူ ပြခန်းဖွင့် လှစ်ခြင်း (၁) ကြိမ်ဆောင်ရွက်၍ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အား စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများပါဝင်သော လက်ကမ်းစာဆောင်များ ဖြန့်ဝေခဲ့ကြောင်း၊ ထို့အပြင် ပြည်တွင်း၌ ထုတ်လုပ်သော ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းလာသောကုန်ပစ္စည်းများကို သက်ဆိုင်ရာခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဈေးများ၊ စတိုးဆိုင်များ၊ Mini Market များသို့သွားရောက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၈၄၀) ကြိမ် ဆောင်ရွက်ခဲ့ပြီး စားသုံးသူပြည်သူများ ကုန်စည်/ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်နစ်မှုများနှင့် ပတ်သက်၍ တိုင်ကြားလာမှု (၂၂) မှု လက်ခံရရှိသည့် အနက် (၂၁) မှုကို ဖြေရှင်းဆောင် ရွက်ခဲ့ပြီး (၁) မှုမှာ ဖြေရှင်းဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းရရှိပါသည်။

လုပ်ငန်းရှင်များ၊ ဒေသတွင်း မုန့်မျိုးစုံထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခြင်းများ (၇၄၄) ကြိမ် ဆောင်ရွက်ခဲ့ပြီး စားသုံးသူကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များနှင့် ဥပဒေစာအုပ်များအား ဖြန့်ဝေပေးခဲ့ကြောင်း၊ စားသုံးသူတိုင်ကြားမှုနှင့် ပတ်သက်၍ ဝန်ဆောင်မှုနှင့်ပတ်သက်သည့် တိုင်ကြားမှု (၉) မှု၊ ကုန်စည်နှင့် ပတ်သက်သည့် တိုင်ကြားမှု (၄) မှု၊ စုစုပေါင်း (၁၃) မှု လက်ခံရရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို (၅) ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ စွေးကွက်အတွင်းမှ ပပျောက်စေရေး၊ ကုန်စည်များ ကုန်အည္ဆန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ပြည့်စုံစွာ ထည့်သွင်းဖော်ပြလာစေရေးတို့အတွက် စွေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၆၇၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကုန်အည္ဆန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များမှ တင်ပြလာသော ကုန်အမှတ်တံဆိပ်များကို စိစစ်ပြန်ကြားရာတွင် မကွေးခရိုင်တွင် ကုန်စည်အမျိုးအစား (၂၀၃) မျိုးနှင့် ကုန်အမှတ်တံဆိပ် (၈၆) ခု၊ မင်းဘူးခရိုင်တွင် ကုန်စည်အမျိုးအစား (၂၈) မျိုးနှင့် ကုန်အမှတ်တံဆိပ် (၁၈) ခု၊ သရက်ခရိုင်တွင် ကုန်စည်အမျိုးအစား (၁၅၄) မျိုးနှင့် ကုန်အမှတ်တံဆိပ် (၄၄) ခု၊ ပခုက္ကူခရိုင်တွင် ကုန်စည်အမျိုးအစား (၁၁၃) မျိုးနှင့် ကုန်အမှတ်တံဆိပ် (၅၃) ခု၊ ဂန့်ဂေါခရိုင်တွင် ကုန်စည်အမျိုးအစား (၄) မျိုးနှင့် ကုန်အမှတ်တံဆိပ် (၁) ခု၊ စုစုပေါင်း ကုန်အမျိုးအစား (၅၀၂) မျိုးနှင့် ကုန်အမှတ်တံဆိပ် (၂၀၂)ခုတို့အား စိစစ်ပြန်ကြားပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် သုတေသနဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း နေ့စဉ်ကုန်စွေးနှုန်း သတင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ မင်းဘူးခရိုင်နှင့်ပခုက္ကူခရိုင်တို့ရှိ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအား ပြန်လည်ရွေးချယ်ဖွဲ့စည်းနိုင်ခြင်း၊ သရက်ခရိုင်နှင့် မင်းလှမြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအား အသစ်ဖွဲ့စည်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စားသုံးဆီ တင်သွင်း၊

သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းခွဲများမှ တဆင့်ပြည်သူများသို့ စားအုံးဆီစွေးကားများဖြင့် လှည့်လည်၍ တိုက်ရိုက်ဖြန့်ဖြူး ရောင်းချခြင်းများကို ပြည်သူလူထုထံသို့စနစ်တကျရောက်ရှိစေရေးနှင့် စွေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေး၊ သတ်မှတ်ပမာဏ/သတ်မှတ်စွေးနှုန်းဖြင့် ရောင်းချခြင်းရှိ/မရှိတို့အား ကြပ်မတ်ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့ စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများမှ လက်ကားကုန်သည်များသို့ စားအုန်းဆီများကို ဖြန့်ဖြူးရောင်းချခဲ့ရာ ဝယ်ယူရရှိသည့် လက်ကားကုန်သည်များအား ရန်ကုန်အထိုင်စွေး ရည်ညွှန်းလက်ကားစွေးနှုန်းအပေါ် သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ ထပ်ပေါင်း၍ ၂% အမြတ်ထက်မပို သော စွေးနှုန်းဖြင့် စွေးကွက်အတွင်းသို့ ပြန်လည်ဖြန့်ဖြူးရောင်းချမှုရှိ/မရှိ၊ လက်လီစွေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့် စွေးနှုန်းများဖြင့် ရောင်းချစေရေး၊စွေးနှုန်းအဆမတန်မြှင့်တင်ရောင်းချခြင်းများ မပြုလုပ်စေရေးတို့အတွက် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် တိုင်း/ ခရိုင် ဆီကုန်သည်အသင်းခွဲများသို့ ဖြန့်ဖြူး ရောင်းချပေးထားသော စားအုန်းဆီများကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်အလိုက် ဖြန့်ခွဲရောင်းချပေးလျှက်ရှိပြီး နေ့အလိုက် စားအုန်းဆီရရှိမှု၊ ဖြန့်ခွဲရောင်းချမှုစာရင်းနှင့် လက်ကျန်

စာရင်းများအား ပြုစုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်း (အကြော်အလှော်၊ မုန့်မျိုးစုံ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်) များ၏ လုပ်ငန်းသုံး ဆီလိုအပ်ချက်စာရင်းအား လုပ်ငန်းလိုင်စင်/ အထောက်အထားများပူးတွဲလျှက် တင်ပြလျှောက်ထားလာမှုအပေါ် စိစစ်ပြီး လုပ်ငန်းသုံးဆီ ဝယ်ယူခွင့်ရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီးဝယ်ယူရရှိခဲ့သောဆီများအား အမှန်တကယ် လုပ်ငန်းတွင်သုံးစွဲမှု ရှိ/ မရှိ ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စားအုန်းဆီဖြန့်ခွဲမည့် အစီအစဉ် (ကိုတာ) အသစ်အရ မကွေးတိုင်းဒေသကြီးအတွက် ခွဲဝေရရှိသည့် ဆီခွဲတမ်းအား ခရိုင်အလိုက် ခွဲဝေချထားပေးပြီး အချိန်မီ ဆီဖိုးပေးသွင်းစေခြင်း၊ နေ့အလိုက် ဆီထုတ်ယူခြင်း၊ သက်ဆိုင်ရာဒေသအရောက် သယ်ယူခြင်း၊ မြို့နယ်အားလုံးသို့ ပြန့်ပြန့်နှံ့နှံ့ဖြစ်အောင် ဖြန့်ခွဲရောင်းချခြင်း၊ ဒေသအလိုက် စားအုန်းဆီတစ်ပိဿာ ဈေးနှုန်းအပေါ် ၂ ရာခိုင်နှုန်း အမြတ်ထက်မပိုသော ဈေးနှုန်းများဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းများကို ခရိုင်အလိုက် ဆီကုန်သည်များက တာဝန်ယူဆောင်ရွက်သွားရန်နှင့် ခရိုင်အလိုက် ဆီခွဲတမ်းရရှိမှုအပေါ် ဖြန့်ခွဲရောင်းချမှုစာရင်းနှင့် လက်ကျန်အခြေအနေများအား ပြုစုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ဆန်စပါးဈေးကွက် တည်ငြိမ်စေရေး၊ ဈေးနှုန်းကြီး

မြင့်မှု မဖြစ်ပေါ်စေရေး၊ ဈေးနှုန်းမြင့်တက်စေရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ရောင်းချနေမှုများ၊ သင့်တင့်မျှတသော အကျိုးအမြတ်ထက်ပို၍ ရယူရောင်းချနေခြင်းများ မရှိစေရေး ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သတ်မှတ်ထုတ်ပြန်ထားသော ဆန်စပါးရည်ညွှန်းဈေးနှုန်းများအတိုင်း သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့် ဝယ်ယူကြိတ်ခွဲ ရောင်းဝယ်ဖောက်ကားခြင်းများ ဆောင်ရွက်ကြစေရေး ဆန်စက်ပိုင်ရှင်များ၊ ဆန်စပါးကုန်သည်များအား အသိပေးချပြရှင်းလင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ ဖြေရှင်းပေးရေးစင်တာ (MSME Help Desk Center) ဖွင့်လှစ်နိုင်ရေးစီမံချက်တွင် ရေးဆွဲထားသည့် လုပ်ငန်းတာဝန်များအရ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများအား လစဉ်ပြုစုတင်ပြခြင်း၊ မိမိတို့ဒေသအတွင်း လုပ်ကိုင်ဆောင်ရွက်နေသော MSME (ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) လုပ်ငန်းရှင်များ၏ ဖြစ်ပေါ်နေသော အခြေအနေများ၊ အခက်အခဲများ၊ လိုအပ်ချက်များနှင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် လိုအပ်သည့် အချက်များအား ကွင်းဆင်းမေးမြန်းခြင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာသင်တန်းများ ပေးအပ်မှုအခြေအနေ၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေမှုအခြေအနေ၊ ငွေကြေးအရင်းအနှီးရရှိအောင် ဆောင်ရွက်နေမှု အခြေအနေနှင့် MSME ကဏ္ဍအတွက် တဖက်တလမ်းမှ အထောက်အကူပြုဆောင်ရွက်နေမှု လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများအား လစဉ်ပြုစုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ဒေသဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ ကောင်းမွန်မြေပဲယို၊ နှမ်းယိုများကို တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့နိုင်ရန် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်

ပုံတင်နှင့် ပို့ကုန်လိုင်စင် လျှောက်ထားရေးကိစ္စအတွက် ကုန်သွယ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူတစ်ဦး၏ ထွက်ရှိသော လျှော်ဖြူစေးများအား ပြည်ပသို့ တင်ပို့နိုင်ရန်နှင့် စျေးကွက်ရရှိရေးအတွက် တင်ပြခဲ့မှုအပေါ် ဌာနမှ ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်ချက်များအား တွေ့ဆုံမေးမြန်းခဲ့ပြီး စိုက်ကာအတိအကျရရှိရေး၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူအသင်းအား ခိုင်မာစွာဖွဲ့စည်းနိုင်ရေးနှင့် စျေးကွက်ရရှိရေးအတွက် ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှ စားအုန်းဆီများ တင်သွင်းမှု ပမာဏလျှော့ချပြီး ပြည်တွင်းရှိ ဆီစက်များ၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာစေရန် ဆီစက်များ၏ ကြိတ်ခွဲထုတ်လုပ်ဖြန့်ဖြူးနိုင်မှု အခြေအနေအား လစဉ် စာရင်းပြုစုတင်ပြခြင်း၊ ဝါသီးနှံနှင့် ဝါဂွမ်းတို့

## တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ စားသုံးသူကာကွယ်ရေးဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူတာဝန်စသည့်များ အသိပညာဗဟုသုတများရရှိအောင် အသိပညာပေးဟောပြောပွဲ ( ၆၃ ) ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်များအား တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း တွေ့ဆုံဆွေးနွေးခြင်း ( ၅၈ ) ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ စားသုံးသူတိုင်ကြားမှုများအား လက်ခံ၍ စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ Wifi ဝန်ဆောင်မှုများ၊ Online ပေါ်မှ ရောင်းချသည့် ပစ္စည်းများ ဝယ်ယူရာတွင် လိမ်လည်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားလာမှု (၈) အား လက်ခံရရှိခဲ့သည့်အနက် (၈) မှုကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း ဖြေရှင်းဆောင်ရွက်အပေါ် လက်ကျန်စာရင်းကောက်ယူခြင်း၊ ကုန်သွယ်ရောင်းဝယ်မှုအခြေအနေများမေးမြန်း၍ ဝါသီးနှံနှင့် ဝါဂွမ်းလက်ကျန်စာရင်း၊ ကုန်သွယ်ရောင်းဝယ်မှုအခြေအနေများ တင်ပြခြင်း၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ဖရဲ၊ သခွားမွေး၊ ကြံ၊ နွေစပါး သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှု၊ စားသုံးပိုလျှံမှု၊ တစ်ဧကာ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်၊ တစ်ဧကာအပေါ် အကျိုးအမြတ်ရရှိမှု အခြေအနေများ ပြုစုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အသစ်လျှောက်ထားလာသော မြန်မာကုမ္ပဏီများအနက် မကွေးတိုင်းဒေသကြီးအတွင်း ကုမ္ပဏီတည်ထောင်ထားမှုနှင့်ပတ်သက်၍ အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှုရှိ/ မရှိတို့အား မြေပြင်ကွင်းဆင်းစစ်ဆေး၍ စစ်ဆေးတွေ့ရှိမှု အခြေအနေများအား အမှတ်ပေးဇယားနှင့်အတူ ပြန်လည်တင်ပြစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

လျက်ရှိကြောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် စျေးများ၊ ကျောင်းမုန့်စျေးတန်းများ၊ ဆေးဆိုင်များ၊ ရပ်ကွက်/ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များ၊ Super Market များအား စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၁၆၆) ကြိမ် ဆောင်ရွက်ခဲ့ပြီး ကုန်ပစ္စည်း (၇၉) မျိုးအား ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှုရှိ/မရှိ စိစစ်ပြန်ကြားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူပြည်သူများ ကုန်စည်နှင့် ဝန်ဆောင်မှုများကို သုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ မဖြစ်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဗဟုသုတများတိုးပွားလာစေရန်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်၊ စီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်စေရန်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် စားသုံးသူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း ရပ်ကွက်၊ ကျေးရွာများတွင် (၃၉) ကြိမ်၊ အခြေခံပညာစာသင်ကျောင်းများတွင် (၁၇) ကြိမ်၊ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့များတွင် (၆) ကြိမ်၊ စက်ရုံ၊ အလုပ်ရုံများတွင် (၂) ကြိမ်၊ စျေးများတွင် (၁) ကြိမ်၊ စားသုံးသူကာကွယ်ရေးအသိပညာပေး Talk Show (၃) ကြိမ်၊ စုစုပေါင်း (၆၈) ကြိမ် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်နှင့်တားမြစ်ချက်များ၊ ဥပဒေအရ ချမှတ်နိုင်သည့် ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၇၅) ကြိမ်၊ ကချင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စားသုံးသူတိုင်ကြားမှု (၄) မှု လက်ခံရရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး ဘေးအန္တရာယ်ရှိသောကုန်စည်များ စျေးကွက်အတွင်းမှ ပယ်ဖျောက်သွားစေရေးအတွက် သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများအား ပြည်နယ်၊ ခရိုင်များတွင် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဦးစားပေးဆောင်ရွက်ရန်လျာထားသည့် ကုန်စည်အုပ်စု (၁၀) မျိုးအား စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၃၆၄) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်အညွှန်းအမှတ်အသားစိစစ်ရန် တင်ပြလာသည့် ကိတ်နှင့်မုန့်မျိုးစုံ (၁၂) မျိုး၊ သောက်ရေသန့် (၄) မျိုး စုစုပေါင်း (၁၆) မျိုးတို့အား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

အသင်းအဖွဲ့ဖွဲ့စည်းပြီးစီးမှုအနေဖြင့် ပြည်နယ်အဆင့် (၁၂) ဖွဲ့၊ ခရိုင်အဆင့် (၆) ဖွဲ့၊ မြို့နယ်အဆင့် (၃) ဖွဲ့၊ စုစုပေါင်း (၂၁) ဖွဲ့ ဖွဲ့စည်းထားရှိကြောင်း၊ ကချင်ပြည်နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ ၂၀၂၃ ခုနှစ်၊ မေလမှစ၍ ပြည်သူများသို့ စားအုန်းဆီများကို သတ်မှတ်စျေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ အရည်အသွေးပြည့်မီမှုရှိစေရေး၊ စနစ်တကျ ရောင်းချပေးစေရေးတို့ကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေး၊ တွေ့ဆုံဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်မှုအခြေအနေများကို တင်ပြခြင်း၊ သီးနှံစုံနှင့်သစ်သီးဝလံများ၏ စိုက်၊ အောင်၊ ထွက်နှင့် စားသုံးပိုလျှံမှုများ၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ၊ အကျိုးအမြတ်တွက်ချက်မှုများ ပြုစုတင်ပြခြင်း၊ အခြေခံစားသောက်ကုန်စျေးနှုန်းများ၊ စက်သုံးဆီစျေးနှုန်း၊ ရွှေစျေးနှုန်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးစျေးနှုန်းများ၊ ဆေးနှင့်ဆေးပစ္စည်းစျေးနှုန်းများနှင့် ဆေးဆိုင်ဖွင့်လှစ်မှုအခြေအနေစိစစ်တင်ပြခြင်း၊ သီးနှံအမျိုးအစားအလိုက် ထုတ်လုပ်သည်မှ ပြည်ပသို့ တင်ပို့သည်အထိ အဆင့်ဆင့် ကုန်ကျစရိတ် (Transaction Cost) ပြုစုတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူပြည်သူများသို့ အသိပညာပေးဟောပြောဆွေးနွေးခြင်း (၈၁) ကြိမ်၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၁၁၈) ကြိမ်၊ လုပ်ငန်းရှင်များသို့ အသိပညာပေးဆွေးနွေးဟောပြောခြင်း (၄၃) ကြိမ်နှင့် ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း (၃) ကြိမ်၊ ကရင်ပြည်နယ်စားသုံးသူရေးရာကော်မတီ အစည်းအဝေးကျင်းပခြင်း (၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများနှင့် အသက်မွေးပညာသင်ကျောင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများသို့ သွားရောက်၍ စားသုံးသူကာကွယ်ရေးဆိုင်ရာအကြောင်း သိကောင်းစရာများ ဟောပြောခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ဈေးကွက်မရောက်မီ ကုန်စည်နှင့်ဈေးကွက်ရောက်ပြီး ကုန်စည်များထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်ခြင်း၊ ဦးစားပေးကုန်စည် ၃ မျိုးဖြစ်သည့် စားအုန်းဆီ၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ ကလေးဖြည့်စွက်စာ အာဟာရအမျိုးမျိုးတို့အား သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိကို ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူနှင့်လုပ်ငန်းရှင်များအကြား အငြင်းပွားမှုလျော့နည်းစေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အပြင် ကုန်စည်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍နစ်နာသည့် စားသုံးသူများ၏ တိုင်ကြားလာမှုများအပေါ် နှစ်ဦးနှစ်ဖက်ကျေနပ်အောင် မျှတသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်စေရေး အလေးပေးဆောင်ရွက်ခြင်း၊ စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရမှုရရှိစေရေး၊ အခြေခံလိုအပ်ချက်အပေါ် စိတ်ကျေနပ်မှုရရှိစေရေးနှင့် စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရေးနှင့် စားသုံးသူနစ်နာ

ဆုံးရှုံးမှုများပေါ်ပေါက်လာပါက ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် တိုင်ကြားရန်နည်းလမ်းများကို အသိပညာပေးဆွေးနွေးပွဲများတွင် ထည့်သွင်းပြောကြားခြင်း၊ Facebook နှင့် Online မီဒီယာများမှတစ်ဆင့် အသိပညာပေး Talk Show အစီအစဉ်များပြုလုပ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေး လုပ်ငန်းများကို လျာထားချက်များ ချမှတ်ဆောင်ရွက်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဆောင်ရွက်နိုင်မှု (၉၂) ကြိမ်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ ဒေသတွင်းကုန်သွယ်မှုဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတွက်ခြေကိုက်မှု ကွင်းဆင်းလေ့လာခြင်း၊ ဒေသတွင်း SME လုပ်ငန်းများ ထုတ်လုပ်မှု၊ ဖြစ်ထွန်းမှု၊ အောင်မြင်မှုလေ့လာကွင်းဆင်းလေ့လာခြင်း၊ ပြည်တွင်းကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတွင်း SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များအညီ မြန်မာဘာသာဖြင့်ဖော်ပြနိုင်ရေးအတွက် အသိပညာပေးဆောင်ရွက်လျက်ရှိပြီး ကုန်အညွှန်းအမှတ်အသားပြည့်စုံ မှန်ကန်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ပေးခဲ့ပြီး ဈေးကွက်ရှာဖွေပေးခြင်း၊ လိုအပ်ချက်များ ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့်အကျိုးစီးပွားကို ကာကွယ်ပေးရန် တက္ကသိုလ်၊ အခြေခံပညာစာသင်ကျောင်းများ၊ ရပ်ကွက်နှင့် ကျေးရွာများတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း (၁၆) ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၇) ကြိမ်၊ ကုန်စုံဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၁၈) ကြိမ်၊ စားသုံးသူအသိပညာပေး Talk Show (၁) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ်၊ ချင်းပြည်နယ် စားသုံးသူကော်မတီအစည်းအဝေး (၁၂) ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စားအုန်းဆီ ဝယ်ယူဖြန့်ဖြူးရောင်းချမှု ရှိ/မရှိစစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များသတ်မှတ်ဈေးနှုန်းနှင့် အရည်အသွေးကောင်းမွန်သော စက်ဆီများ ရောင်းချပေးရန် စစ်ဆေးဆောင်ရွက်ခြင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး ကြပ်မတ်ဆောင်

## မွန်ပြည်နယ်

မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာပေးဟောပြောခြင်း (၁၄၆) ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၁၄၂) ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း (၅) ကြိမ်၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၆၇) ကြိမ်၊ အသိပညာပေးပြခန်းဖွင့်လှစ်ခြင်း (၁) ကြိမ်၊ မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီ အစည်းအဝေးကျင်းပခြင်း (၄) ကြိမ် တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး လက်ခံရရှိခဲ့သည့် စားသုံးသူတိုင်ကြားမှု (၅) မှုတို့ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မွန်ပြည်နယ် စားသုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအနေဖြင့် ရန်ကုန်အထိုင်ဈေး ရည်ညွှန်းလက်ကားဈေးနှုန်းအပေါ်အခြေခံ၍ မွန်ပြည်နယ်အရောက် ဈေးနှုန်းများအပေါ် ၂ ရာခိုင်နှုန်း အမြတ်ထက်မပိုသော ဈေးနှုန်းဖြင့်

ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် သုတေသနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ စီးပွားဖြစ်စိုက်ပျိုးသည့် ဝဲ၊ ကော်ဖီ၊ ထောပတ်၊ ငှက်ပျော၊ လိမ္မော်သီးနှင့် ပန်းသီးစသည့်တို့ကို စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူများအား ဈေးကွက်ကောင်းရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် စက်သုံးဆီများအဆမတန်ဈေးနှုန်းများကောက်ခံပြီး ရုံးချုပ်နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ နေ့စဉ်ပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

ရောင်းချစေရေး လက်လီ/လက်ကား ရောင်းချသူများမှ ဈေးကွက်အတွင်း ပြန်လည်ဖြန့်ဖြူးရောင်းချရာတွင် ဈေးနှုန်း အဆမတန်မြှင့်တင် ရောင်းချခြင်းများ မပြုလုပ်စေရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရှိ ကုန်ဈေးနှုန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကွင်းဆင်းကြပ်မတ်ခြင်း၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် ပြည်နယ်အတွင်း ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်းဆိုင် (၁၆၃) ဆိုင်၏ နေ့စဉ်ရောင်းချလျှက်ရှိသည့် စက်သုံးဆီဈေးနှုန်းများအား ကောက်ယူ၍ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချမှုရှိ/မရှိ စိစစ်ကြပ်မတ်ခြင်း

များဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် မွန်ပြည်နယ်တွင် အသင်းအဖွဲ့ပေါင်း (၄၀) သင်း၊ အစုအဖွဲ့ (၄) ဖွဲ့၊ ကုန်စည် ဒိုင် (၁)၊ စုစုပေါင်း အသင်းအဖွဲ့ပေါင်း (၄၅) သင်းဖွဲ့စည်း နိုင်ခဲ့ကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာန များ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်မှ ထွက်ရှိ သော ဆန်များအား ပြည်ပတင်ပို့နိုင်ရေးအတွက် Export Quality အရည်အသွေးမီ အဆင့်မြင့်ဆန်များ ထုတ်လုပ် နိုင်သည့် တန် (၆၀) ကျ ခေတ်မီဆန်စက်များ တည်ထောင် ခြင်း၊ ဒေသတွင်းမှထွက်ရှိသော သဘာဝမြေဩဇာများ ကို အရည်အသွေးမြှင့်တင်ပြီး အမျိုးအစား၊ အရေအတွက် ပိုမိုထုတ်လုပ်နိုင်ရန် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်အရင်းအနှီးများ ထုတ်ချေးပေးခြင်းဖြင့် တွန်းအား

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် အကျိုး စီးပွားများကို ကာကွယ်ရန်အတွက် စားသုံးသူကာကွယ် ရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို အခြေခံ ပညာကျောင်းများ၊ တက္ကသိုလ်၊ ရပ်ကွက်ကျေးရွာများ၊ စျေးများ၊ စက်ရုံအလုပ်ရုံများ၊ ဌာနအသင်းများ၊ တပ်ရင်း တပ်ဖွဲ့များသို့ သွားရောက်၍ အသိပညာပေးဟောပြော ခြင်း (၁၅၄) ကြိမ်၊ စားသုံးဆိနှင့်ပတ်သက်၍ ဝန်ကြီးဌာန မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် (၁/၂၀၂၁) ပါ အချက်များအတိုင်း လိုက်နာမှုရှိစေရေး၊ စားသုံးသူ ကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန် များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်နှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် ကိုက်ညီမှု

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပခြင်းကို ပြည် နယ်ဦးစီးမှူးရုံးအနေဖြင့် (၂၇) ကြိမ်၊ ဒုတိယပြည်နယ် ဦးစီးမှူးရုံးများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း)

ပေး ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ဒေသထွက်သစ်သီး ဝလံများဖြစ်သည့် ဒူးရင်း၊ ကျွဲကော၊ မင်းဂွတ်စသည့် သီးနှံများအား အရည်အသွေးများကို ကြာရှည်စွာထိန်း သိမ်းနိုင်ပြီး ပြည်ပတင်ပို့ရာတွင် အရည်အသွေးမြင့်မား စေရန်အတွက် အအေးခန်းစက်ရုံလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေး တွန်းအားပေးဆောင်ရွက်ခြင်း၊ ရော်ဘာအရည် အသွေးမြင့်မားရေး၊ ရော်ဘာပိုမိုထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာခြံလုပ်ငန်းရှင်များ၊ မှိုင်းခံစက်ရုံများ ဖွံ့ဖြိုးရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ မွန် ပြည်နယ်အတွင်းရှိ မုန့်လုပ်ငန်းများ၊ စားသောက်ကုန် လုပ်ငန်းများ အရည်အသွေးမြင့်မားရေး၊ ခေတ်မီဆန် သစ်သောထုပ်ပိုးမှုပုံစံများ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ရှိစေရေး လုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း (၄၅) ကြိမ်၊ စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၃၆၆) ကြိမ်၊ ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း (၂) ကြိမ်၊ ရခိုင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄) ကြိမ် ဆောင်ရွက်နိုင် ခဲ့ကြောင်း၊ စစ်တွေခရိုင်၊ မြို့နယ်ကုန်စျေးနှုန်းတည်ငြိမ် ရေးလုပ်ငန်းကော်မတီအနေဖြင့် စစ်တွေမြို့နယ်အတွင်း ကုန်စျေးနှုန်း အဆမတန်မြင့်မားနေသောကြောင့် ဒေသ တွင်းစားသောက် ကုန်စည်များကို စျေးနှုန်းအဆမတန် မြှင့်တင်ရောင်းချမှုမပြုရေး စစ်တွေမြို့နယ်ရှိ ဆန်လုပ် ငန်းရှင်၊ စားသုံးဆိ သိုလှောင် ဖြန့်ဖြူးရေး လုပ်ငန်းရှင်၊ အခြေခံစားသုံးကုန် ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

တွင် (၇၄) ကြိမ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၁၆) ကြိမ်၊ စုစုပေါင်း (၁၁၇) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ဟောပြောပွဲများကို ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ရပ်ကွက်/ကျေးရွာများ၊ ဌာနဆိုင်ရာအသင်းအဖွဲ့များ၊ ပရဟိတကျောင်းများတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ Facebook နှင့် အွန်လိုင်းမီဒီယာမှတဆင့် ပြည်သူများထံသို့ စားသုံးသူအသိပညာပေး Talk Show အစီအစဉ်များ ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် (၁၁၈) ကြိမ်၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် (၁၀၀) ကြိမ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် (၂၉) ကြိမ်၊ စုစုပေါင်း (၂၄၇) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်စားသုံးသူရေးရာကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄) ကြိမ် ကျင်းပနိုင်ခဲ့ပြီး စားသုံးသူတိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်ဦးစီးမှူးရုံး၌ (၁၁) မှု၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၅)မှု ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ (၄) မှုနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (၂) မှု၊ စုစုပေါင်း (၇) မှု လက်ခံရရှိခဲ့ပြီး အမှုအားလုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ရှမ်းပြည်နယ်အတွင်းရှိ ကုန်စည်နှင့်ဝန်ဆောင်မှုများကို စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ကုန်စည်များတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြမှုရှိ၊ မရှိ စေးကွက်စောင့်ကြည့်စစ်ဆေးလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် (၁၃၉) ကြိမ်၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် (၁၃၃) ကြိမ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် (၈၅) ကြိမ်၊ စုစုပေါင်း (၃၅၇) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့စေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် စည်ပင်သာယာရေးစေ့းများ၊ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စက်သုံးဆီဆိုင်များ၊ စားသုံးဆီအမျိုးမျိုး၊ ကလေးအာဟာရဖြည့်စွက်စာနှင့် အသင့်သောက် အချိုရည်အမျိုးမျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်းဆိုင်နှင့် ဓာတ်မြေဩဇာဆိုင်များ၊ စားသောက်ကုန်လုပ်ငန်းများ၊ သောက်ရေသန့်လုပ်ငန်းများ၊ မုန့်လုပ်ငန်းများ၊ ကော်ဖီလုပ်ငန်းများ၊ ငါးမုန့်ကြော်လုပ်ငန်းများ၊ ဂျုံခေါက်ဆွဲလုပ်ငန်းများ၊ ပဲငံပြာရည်လုပ်ငန်းများ၊ ဆေးဆိုင်များ၊ ကျောင်းမုန့်စေ့းတန်းများ စသည့်နေရာများတွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်းကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုနှင့် သုတေသနလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် အသင်းအဖွဲ့၊ အစုအဖွဲ့၊ ကုန်စည်ဒိုင်နှင့် ဇုန်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နေ့စဉ်စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှုအခြေအနေနှင့် စက်သုံးဆီဘောက်ဆာကားရောက်ရှိမှုအခြေအနေများနှင့် နေ့စဉ်ကုန်စေ့းနှုန်းများ ပေးပို့ခြင်း၊ အပတ်စဉ်ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးစေ့းနှုန်း၊ ဘိလပ်မြေစေ့းနှုန်း၊ စားဖိုဆောင်သီးနှံများ၏ လက်လီလက်ကားစေ့းနှုန်းများ ပြုစုပေးပို့ခြင်း၊ အပတ်စဉ် အစေ့ထုတ်ပြောင်းနှင့် ဆီထွက်သီးနှံအခြေအနေပြုစုပေးပို့ခြင်း၊ သီးနှံဇုန်နှင့် သစ်သီးဝလံများ၏ စိုက်၊ အောင်၊ ထွက်နှင့် စားသုံးပိုလျှံမှုများ၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ၊ အကျိုးအမြတ်တွက်ချက်မှုများ ပြုစုတင်ပြခြင်း၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားသုံးသူပြည်သူများ စားအုန်းဆီကို သက်သာသော စေ့းနှုန်းဖြင့် လှည့်လည်ဖြန့်ဖြူးရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များ**

## ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့် အကြိမ်ပေါင်း | | | | |
|---|---|---|---|---|---|---|
| | | အသိပညာပေး | အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်း | သင်တန်းများဖွင့်လှစ်ခြင်း | ပြခန်းများခင်းကျင်းပြသခြင်း |
| ၁။ | စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်) | - | ၃ | - | ၁ | - |
| ၂။ | ပြည်ထောင်စုနယ်မြေ | ၄၃ | ၁ | ၂၇ | ၁ | - |
| ၃။ | ရန်ကုန် | ၁၃၂ | ၂ | ၉၈ | - | ၁ |
| ၄။ | မန္တလေး | ၂၇၇ | ၁ | ၄၅၅ | ၁ | ၁ |
| ၅။ | ဧရာဝတီ | ၆၉၄ | ၁ | ၃၇၂ | ၃ | ၁ |
| ၆။ | စစ်ကိုင်း | ၁၄၉ | ၂ | ၃၂၂ | ၃ | ၁ |
| ၇။ | ပဲခူး | ၆၇၇ | ၂ | ၈၇၁ | ၆ | ၂ |
| ၈။ | မကွေး | ၄၇၃ | ၁ | ၇၄၄ | - | ၁ |
| ၉။ | တနင်္သာရီ | ၆၃ | - | ၅၈ | ၁ | - |
| ၁၀။ | ကချင် | ၆၈ | - | ၇၅ | - | - |
| ၁၁။ | ကယား | ၁၄ | - | ၁၁ | ၁ | - |
| ၁၂။ | ကရင် | ၈၁ | - | ၄၃ | ၃ | ၄ |
| ၁၃။ | ချင်း | ၁၆ | ၁ | ၇ | ၁ | - |
| ၁၄။ | မွန် | ၁၄၇ | ၂ | ၁၄၂ | ၄ | ၁ |
| ၁၅။ | ရခိုင် | ၁၅၄ | - | ၄၅ | ၂ | - |
| ၁၆။ | ရှမ်းတောင် | ၂၈ | - | ၁၁၈ | ၁ | ၁ |
| ၁၇။ | ရှမ်းမြောက် | ၇၄ | - | ၁၀၀ | - | - |
| ၁၈။ | ရှမ်းအရှေ့ | ၁၆ | - | ၂၉ | - | - |
| ပြည်ထောင်စုချုပ် | | ၃၁၀၆ | ၁၆ | ၃၅၁၇ | ၂၈ | ၁၃ |

Source: အသိပညာပေး

## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ

#### ဓာတ်ခွဲခန်းများအဆင့်မြှင့်တင်ရေးလုပ်ငန်းများ

စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ် စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအနေဖြင့် လာရောက်အပ်နှံသည့် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအပါအဝင် လယ်ယာထွက်ကုန်သီးနှံများနှင့် စားသုံးဆီများ၏ အရည်အသွေးများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးလျက် ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကုန်ပစ္စည်း (၄၆) မျိုး၊

နမူနာ (၇၅၅) ခု၊ စုစုပေါင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု (၂,၂၂၅) ခု စမ်းသပ်စစ်ဆေးခဲ့ကြောင်း၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအနေဖြင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်မရရှိသေးသော်လည်း ဓာတ်ခွဲခန်းရလဒ် အဖြေဆိုင်ရာ ဆောင်ရွက်ချက်ဖြစ်သည့် အရည်အသွေးစမ်းသပ်ခြင်း အရည်အချင်းစစ်ဆေးမှုအစီအစဉ် (Proficiency Testing-PT) ဆောင်ရွက်လျက်ရှိရာ ပိုးသတ်ဆေးကြွင်းဓာတ်ခွဲခန်း (၃) ကြိမ်၊ မှိုဆိပ်ဓာတ်ခွဲခန်း (၁) ကြိမ်နှင့် သီးနှံဓာတုဓာတ်ခွဲခန်း (၁) ကြိမ် စုစုပေါင်း (၅) ကြိမ် ရရှိထားပြီးဖြစ်ပါကြောင်း၊ ဓာတ်ခွဲခန်းများနှင့် ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် မြန်မာ့အလင်းသတင်းစာ၊ The Global New Light of Myanmar တို့၌ ထည့်သွင်း၍ စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) ခေါ်ယူခဲ့ရာ သတ်မှတ်ကာလအတွင်း ပြည်တွင်း/ပြည်ပကုမ္ပဏီ (၃) ခု လျှောက်ထားလာမှုအပေါ် အတည်ပြုရွေးချယ်နိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် စိတ်ဝင်စားမှုအဆိုပြုလွှာအတည်ပြုရွေးချယ်ရေးအဖွဲ့တို့ကို ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

## နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO/IEC 17025)

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး)တွင် မြန်မာ့သဘာဝ ရော်ဘာအရည်အသွေး စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း (Myanmar Natural Rubber Quality Testing Laboratory - MNRQTL) ကို တည်ထောင်ခဲ့ပြီး အဆိုပါ ဓာတ်ခွဲခန်းမှ Technically Specified Rubber (TSR) ရော်ဘာများ၏ ဖုန်၊ သဲ၊ ခဲ၊ အမှိုက်ပါဝင်မှု (Dirt content)၊ ပြာပါဝင်မှု (Ash content)၊ အငွေ့ပျံနိုင်သော ဒြပ်ပစ္စည်းပါဝင်မှု (Volatile Matter content)၊ နိုက်ထရိုဂျင်ပါဝင်မှု (Nitrogen content)၊ အသားသေသတ္တိ (Initial Plasticity) နှင့် အသားသေသတ္တိအညွှန်း (Plasticity Retention Index) စသည့် Parameter များကို စမ်းသပ်စစ်ဆေးပေးလျက်ရှိကြောင်း၊ MNRQTL အနေဖြင့် အပြည်ပြည်ဆိုင်ရာ ရော်ဘာအသင်း (International Rubber Association-IRA) ၏ အသိအမှတ်ပြုလက်မှတ်ကို ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ရရှိပြီး ဆက်လက်၍ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO/IEC 17025) ရရှိရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

## ပို့ကုန်အရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ

ထို့အပြင် ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာပဲများတင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ်မှ စတင်၍ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲများကို ဥရောပသမဂ္ဂနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကုမ္ပဏီ ၅ ခုမှ ပဲတီစိမ်းတန်ချိန် စုစုပေါင်း ၈၅၉၇ ဒသမ ၀၂၅ တန် တင်ပို့ခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် ပဲရာသီတွင် ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲများကို ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့ရန် အဆိုပြုလာသည့် ကုမ္ပဏီ (၁၁) ခု၏ တောင်သူများအား တောင်သူပညာပေးသင်တန်းများ ပို့ချရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက GAP/GHP ဆိုင်ရာ ဘာသာရပ်

များအား ပို့ချခြင်းဖြင့်လည်းကောင်း၊ သင်တန်းကုန်ကျစရိတ်အဝဝအား ပဲတင်ပို့သူအစုအဖွဲ့က ပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွ၊ သန်လျင်၊ ခရမ်းနှင့် ကျောက်တန်းမြို့နယ်တို့ရှိ တောင်သူ (၆၅၂) ဦးတို့အား သင်ကြားပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာနိုင်ငံမှဆန်နှင့် ဆန်ကွဲကို တင်ပို့ရန် စစ်ဆေးခြင်းနှင့်ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့၌ လက်မှတ်ရေးထိုးခဲ့ပြီး ဘဏ္ဍာနှစ်အလိုက် ဆန်နှင့် ဆန်ကွဲတင်ပို့ခွင့် ရရှိထားသည့် ကုမ္ပဏီများစာရင်းမှာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၄၃ ခု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၈ ခုထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ခွင့်ရရှိရေးအတွက် ကုမ္ပဏီအသစ် ၇၆ ခု၏ ဆန်စက် ၇၆ စက်နှင့် Transit သိုလှောင်ရုံ ၁၆ လုံးအပါအဝင် စုစုပေါင်းကုမ္ပဏီ ၁၂၂ ခု၏ ဆန်စက် ၁၂၆ စက်နှင့် သိုလှောင်ရုံ ၃၁ လုံးတို့၏ ဆန်စက်နှင့် သိုလှောင်ရုံ စစ်ဆေးချက်မှတ်တမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံသို့ ပေးပို့ထားပြီး ကုမ္ပဏီအသစ် ၇၆ ခု၏ စာရင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ GACC တွင် မှတ်ပုံတင်နိုင်ရေး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တရုတ်နိုင်ငံ၊ GACC သို့ ညှိနှိုင်းပေးပို့ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

## စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းများရေးဆွဲပြုစုခြင်း

စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီကို စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ လယ်ယာထွက်ကုန်သီးနှံ (၄၄) မျိုးအား မြန်မာစံချိန်စံညွှန်းများအဖြစ် ရေးဆွဲပြုစုနိုင်ရေးတင်ပြခြင်း၊ အတည်ပြုပြီးဖြစ်သည့် စံချိန်စံညွှန်းများအား စံချိန်စံညွှန်းလုပ်ငန်းကော်မတီသို့ တင်ပြခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပညာဆပ်ကော်မတီအဆင့်တွင် အတည်ပြုပြီးဖြစ်သည့် သီးနှံအမယ် (၃၄) ခုအနက် မြန်မာ့ဆန် (Amendment)၊ စပါးနှင့်ကန စွန်းဥ အပါအဝင် သီးနှံအမယ် (၃၂) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် အမျိုးသားစံချိန်စံညွှန်းကောင်စီက ထုတ်ပြန်ခဲ့ပြီး ပဲတီစိမ်း၊ ငရုတ်စပ်နှင့် ငရုတ်ကောင်းတို့အား မြန်မာစံချိန်စံညွှန်း (မူကြမ်း) များအဖြစ် ဆက်လက်ရေးဆွဲပြုစုလျက်ရှိကြောင်း သတင်းရရှိပါသည်။

## ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပပြုလုပ်ခဲ့သည့် **မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂** ၏ ဖော်ထုတ်ချက်များအရ "ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာဆိုင်ရာကျွမ်းကျင်မှုသင်တန်း" ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး)နှင့် အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) တို့တွင် ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း (၄၂) ဦး တက်ရောက်ခဲ့ကြောင်း၊ ထို့အပြင် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော်ဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှရရှိခဲ့သည့် ဖော်ထုတ်ချက် (၁၂) ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်တာဝန်ယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊

ပုဂ္ဂလိကအသင်းအဖွဲ့များအပါအဝင် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည် ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (Task Force) နှင့် အစိုးရ ကဏ္ဍဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ (Working Group) တို့ကို ဖွဲ့စည်းထားကြောင်း၊ ဆန်စျေးကွက်နှင့် ဆန်စျေးနှုန်း တည်ငြိမ်မှုနှင်းစေရန်အတွက် Online Service အစီ အစဉ်တစ်ရပ်ဖြစ်သည့် မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online–My RO) အား My RO Website မိတ် ဆက်ပွဲနှင့် My RO တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံ တင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့၌ သင်္ဂဟဟိုတယ်၊ နေပြည် တော်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့ များက ကိုယ်စားလှယ် (၂၄၂) ဦး တက်ရောက်ခဲ့ ကြောင်း၊ ဆန်တန်ချိန် ၅၀ (သို့မဟုတ်) စပါးတင်း ၅,၀၀၀ နှင့်အထက် သိုလှောင်မည်ဆိုပါက MyRO Website တွင် သိုလှောင်ရုံမှတ်ပုံတင်ခြင်း ဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ MyRO Website တွင် သိုလှောင်ရုံ မှတ်ပုံတင်ရန်အတွက် လူပုဂ္ဂိုလ်/လုပ်ငန်းရှင်၊ ဆန်စက်/ ကုမ္ပဏီ/အဖွဲ့အစည်း၊ သိုလှောင်ရုံကုန်အပ်စနစ်ကို အဓိက ဆောင်ရွက်ခြင်း (Professional သိုလှောင်ရုံလုပ်ငန်းများ) ဟူ၍ အုပ်စု (၃) စု ခွဲခြားထားပြီး မှတ်ပုံတင်ကြေးအနေ ဖြင့် ပထမအုပ်စုသည် ကျပ် ၃၀,၀၀၀ မှ ၈၀,၀၀၀ အထိ၊ ဒုတိယအုပ်စုသည် ကျပ် ၅၀,၀၀၀ မှ ၁၅၀,၀၀၀ အထိ၊ တတိယအုပ်စုသည် ကျပ် ၁၀၀,၀၀၀ မှ ၂၀၀,၀၀၀ အထိ ပေးဆောင်ရမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## eComReg System နှင့် Online Sale

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ် နောက်ပိုင်းမှစတင်၍ အင်တာနက်အသုံးပြုမှု တိုးတက်လာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုဘိုင်းလ် ဖုန်းဖြင့် အင်တာနက် အသုံးပြုမှု ပိုမိုများပြား လာခြင်း နှင့်အတူ e-commerce သည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက် လာခဲ့ပြီးသည်။ အင်တာနက်မှတစ်ဆင့် ကုန်စည်/ ဝန်ဆောင်မှုများ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများသည် လည်း အရှိန်အဟုန်ဖြင့် တိုးမြင့်လာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် အင်တာနက် အသုံးပြုသူပေါင်း ၈.၂၇ သန်းရှိခဲ့ ရာမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် အင်တာနက်အသုံး ပြုသူပေါင်း ၂၃.၉၃သန်း အထိအရှိန်အဟုန်ဖြင့်တိုးတက် လာခဲ့သည်။

အင်တာနက်အသုံးပြုသူများပြားလာသည်နှင့်အမျှ အွန်လိုင်းမှတစ်ဆင့် ကုန်စည်/ ဝန်ဆောင်မှုများကို ရောင်း ဝယ်ခြင်းများလည်း ပိုမိုတွင်ကျယ်လာခဲ့သည်။ ၂၀၁၉ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံ၏ e-commerce စျေးကွက် တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ သန်းသာရှိသော် လည်း ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ အထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းကြပါသည်။ မြန်မာနိုင်ငံ၏ e-commerce စနစ်တွင် အများအပြား ဝယ်ယူလျက်ရှိသော ကုန်စည်အမျိုးအစားများမှာ အဝတ် အထည်များ၊ အီလက်ထရောနစ်ပစ္စည်းများနှင့် အစား အသောက်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အခြားသော အမျိုးအစားများဖြစ်သည့် အိမ်သုံးပရိ ဘောဂများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ နှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများသည်လည်း e-commerce မှတစ်ဆင့် ရောင်းချခြင်းများတွင် စိတ်ဝင်

စားခြင်းခံရသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဧန်နဝါရီလအထိ မြန်မာနိုင်ငံတွင် လူမှုကွန်ရက် မီဒီယာများကို အသုံးပြုသူ ၁၅ သန်းရှိခဲ့ပြီး Online Learning၊ Online Sales၊ Online Meeting၊ Online Payment များကို သုံးစွဲမှုခြင်းဖြင့် စားသုံးသူများ၏ လိုအပ်ချက်ကို ထိရောက်လျင်မြန် လွယ်ကူစွာ ဖြည့်ဆည်းပေးနိုင်ခဲ့သည့် ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှု တစ်ခုလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အင်တာနက်မှတစ်ဆင့် ဈေးဝယ်မှုများကို e-commerce ပလက်ဖောင်းများတွင် ဝယ်ယူရောင်းချခြင်းများရှိကြသော်လည်း စားသုံးသူများ အသုံးပြုရလွယ်ကူခြင်း၊သိရှိလိုသည်များကို လျင်မြန်စွာ မေးမြန်းနိုင်ခြင်းနှင့် သီးခြားဆော့ဖ်ဝဲလ်များနှင့် အကောင့်များ ထပ်မံထည့်သွင်းရန် မလိုအပ်ခြင်း စသည့် အကြောင်းအရင်းများကြောင့် လူမှုကွန်ရက်မီဒီယာများမှ တစ်ဆင့်သာ ပိုမိုဝယ်ယူလျက်ရှိပါသည်။ အင်တာနက်မှတစ်ဆင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းဝယ်ခြင်းများ တွင် ကျယ်လာခြင်းနှင့်အတူ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူရာတွင် စားသုံးသူများ၏ အခွင့်အရေးချိုးဖောက် ခံရမှုများနှင့် နစ်နာဆုံးရှုံးမှုများလည်း ကြုံတွေ့ခဲ့ကြရပါသည်။ ကြုံတွေ့ခဲ့ရသော နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် လိမ်လည်လှည့်ဖြားသည့် လုပ်ငန်းရှင်များကို ဖော်ထုတ်ဆက်သွယ်ဆောင်ရွက်သည့်စနစ်အားနည်းခြင်း၊ ထိထိရောက်ရောက် ဖြေရှင်းနိုင်မှု မရှိခြင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို မှတ်ပုံတင်ထိန်းကျောင်းမှုမရှိခြင်းများကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။

ထို့ကြောင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု

ဥပဒေ ပုဒ်မ ၄ (ဂ) အရ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၃) ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာရန်နှင့် ယင်းဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်ခွင့်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ပါသည်။

အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ (ဂ) အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ရမည့် လုပ်ငန်းအဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ကို ဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အွန်လိုင်းစနစ်မှ ကုန်စည်နှင့်ဝန်ဆောင်မှုကို ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံဆောက်ရွက်ထားသော အွန်လိုင်းမှတ်ပုံတင်စနစ်အရ မှတ်တင်ပုံတင်လက်မှတ် လျှောက်ထားရာတွင် ရုံး၊ ဌာနများသို့ ကိုယ်တိုင်သွားရောက် လျှောက်ထားရန် မလိုဘဲ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့မှ စတင်ကာ eComReg System (https://www.ecomreg.gov.mm) မှတစ်ဆင့် လျှောက်ထားနိုင်ပြီး လျှောက်ထားရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ချက်များကိုလည်း ဖော်ပြပေးထားပါသည်။ eComReg System တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်သွင်း၍ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်သည့်အပြင်

ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များသည် သတ်မှတ်ထားသော စာရွက်စာတမ်းများကို ပူးတွဲတင်ပြ၍ အချိန်ကုန်သက်သာပြီး လွယ်ကူလျင်မြန်စွာဖြင့် လျှောက်ထားနိုင်ကြောင်း တွေ့ရသည်။

ဌာနမှ လိုအပ်သည့် အချက်အလက်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မှတ်ပုံတင်ကြေးနှင့် အွန်လိုင်းဝန်ဆောင်ခတို့ ပေးသွင်းရန်အတွက် အကြောင်းကြားစာရရှိမည်ဖြစ်ပြီး ရရှိသည့်နေ့မှ (၂) ပတ်အတွင်း သတ်မှတ်ထားသည့် ဒီဂျစ်တယ်ငွေပေးချေမှုဖြင့် ပေးသွင်းရမည်ဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့်ပြုထားကြောင်း သိရှိရပါသည်။ ထို့နောက် E-certificate မှတ်ပုံတင်လက်မှတ်ကို ရရှိမည်ဖြစ်ပြီး စတင်ထုတ်ပေးသည့် နေ့ရက်မှ ၂ နှစ်အထိ သက်တမ်းရှိမည်ဖြစ်ပြီး သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြို၍ သက်တမ်းတိုးလျှောက်ထားနိုင်ကာ သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းကုန်ဆုံးသည့်နေ့တွင် မှတ်ပုံတင်လက်မှတ်သည် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်သည်။ ထို့အပြင် မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် မိမိ၏ လျှောက်ထားမှု အခြေအနေကို eComReg System တွင် လွယ်ကူစွာကြည့်ရှုနိုင်မည်ဖြစ်ပြီး မှတ်ပုံတင်လက်မှတ် ရရှိပြီးဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ဖော်ပြထားရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

မှတ်ပုံတင်လျှောက်ထားမှုနှင့်ပတ်သက်၍ ရောင်းချမည့် ကုန်စည်/ဝန်ဆောင်မှုများသည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ရောင်းချရန်တားမြစ်ထားသော ကုန်စည်နှင့် ဝန်ဆောင်မှုတွေ မဖြစ်ရန် လိုအပ်ပြီး အများပြည်သူများ၏ လုံခြုံရေးကို ထိခိုက်စေသည့် ဘေးအန္တရာယ်ဖြစ်စေသည့် ကုန်စည်နှင့် ဝန်ဆောင်မှု၊ အာမခံချက်မရှိတဲ့ ကုန်စည်နှင့်ဝန်ဆောင်မှုမျိုးမဖြစ်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့သော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရောင်းချရန် ရည်ရွယ်ခြင်း၊ အချက်အလက်မပြည့်စုံခြင်း၊ လိုအပ်သည့် အထောက်အထားများ ပေးအပ်ရာတွင် ထိန်ချန်ခြင်းနှင့် လိမ်လည်ခြင်းများရှိပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်မည်ဖြစ်သည်။ သို့သော် ရက်ပေါင်း ၃၀ အတွင်း လိုအပ်ချက်များနှင့်အညီ ပြန်လည်ပြင်ဆင်တင်ပြပါက အဓိန့်ပါသတ်မှတ်ချက်အတိုင်း ခွင့်ပြုပေးမည် ဖြစ်ပါသည်။ မှတ်ပုံတင် လက်မှတ်ရရှိပြီးနောက် ပူးတွဲတင်ပြထားသည့် ကုန်စည်/ ဝန်ဆောင်မှု၏ အချက်အလက်နှင့် လျှောက်လွှာပါတင်ပြချက်နှင့် ပတ်သက်၍ ပြင်ဆင်လိုပါက သတ်မှတ်ထားသည့် လျှောက်လွှာပုံစံတွင် ဖြည့်သွင်း၍ အွန်လိုင်းဝန်ဆောင်ခပေးသွင်းပြီး အွန်လိုင်းစနစ်ဖြင့် ထပ်မံလျှောက်ထားနိုင်သည်။

အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် လျှောက်ထားပြီးမှသာ လုပ်ကိုင်ရမည်ဖြစ်ပြီး အဓိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့်နေ့မှစ၍ မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြောင်း တွေ့ရှိရပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူခြင်းခံ ရမည်ဖြစ်သဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ခြောက်လမပြည့်မီ မှတ်ပုံတင်လျှောက်ထားရန်မှာ များစွာလိုအပ်ပါသည်။ Online Sales များ မှတ်ပုံတင်ခွင့်ပြုခြင်းသည် အွန်လိုင်းစနစ်အသုံးပြု၍ ဆိုင်ဖွင့်လှစ်ခွင့်အတွက် မှတ်ပုံတင်ပေးခြင်းသာဖြစ်ပြီး ရောင်းချသည့် ကုန်စည်/ဝန်ဆောင်မှုများအတွက် သက်ဆိုင်ရာဌာနအလိုက် ထုတ်ပြန်ထားသော ထုတ်ပြန်ချက်များ၊ ကန့်သတ်တားမြစ်ချက်များကို သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း သတိပြုသင့်ပါသည်။ Online Sales Platform တွင် ရောင်းချသော ကုန်စည်/ဝန်ဆောင်မှုများသည် ကန့်သတ်/ပိတ်ပင်တားမြစ်ထားသော ပစ္စည်းများ မဖြစ်ရန်လိုအပ်

ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း eComReg စနစ် အသုံးပြုနည်းသင်တန်းများကိုလည်း အခမဲ့ဖွင့်လှစ်၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (online sales) လုပ်ငန်း မှတ်ပုံတင်လျှောက်ထားရာတွင် အချက်အလက်များ မှန်ကန်စွာဖြင့် ဖြည့်စွက်နိုင်ရန် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ရောင်းချရမည်ဖြစ်ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်လုပ်ငန်းသည် ပြည်တွင်း၌ အခြေပြုသည်ဖြစ်စေ၊ ပြည်ပ၌ အခြေပြုသည်ဖြစ်စေ မြန်မာနိုင်ငံသားများကို ဦးတည်ရောင်းချသော အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်လုပ်ငန်းများ အားလုံးနှင့် ပြည်တွင်း အခြေပြု၍ ပြည်တွင်း/ပြည်ပသို့ ဦးတည်ရောင်းချသည့် အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းများအားလုံးမှတ်ပုံတင်ရမည်ဖြစ်ကြောင်းလည်းသိရှိရပါသည်။ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ် ပေးရာတွင် ရရှိသည့် E-Certificate တွင် မိမိတို့၏ လုပ်ငန်းအမည်၊ ကုန်အမှတ်

## ပြည်တွင်းကုန်သွယ်မှုကဏ္ဍ

### ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနသည် အခြေခံစားသောက်ကုန်များအပါအဝင် လယ်ယာထွက်ကုန်သီးနှံများ၏ ဈေးနှုန်းဆိုင်ရာအချက်အလက်များကို အခြေခံ၍ ဈေးနှုန်းကြီးမြင့်မှု၊ ကုန်ပစ္စည်းပြတ်လပ်မှုများအပေါ် အမြန်ဆုံး ထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်းရှိအခြေခံစားကုန်များအပါအဝင် ကုန်ပစ္စည်းများ၏ စိုက်ပျိုးထွက်ရှိမှု၊ ဈေးကွက်/ ဈေးနှုန်းအခြေအနေများနှင့်ပတ်သက်သည့် သတင်းများအပေါ် သုံးသပ်ချက်များနှင့်တကွ ပြုစု၍ ပြည်ထောင်စုဝန်ကြီးရုံးသို့ နေ့စဉ်တင်ပြဆောင်ရွက်လျှက်ရှိကြောင်း၊ ယခင်ကာလက ပြုစုခဲ့သည့် **မြန်မာ့ဆန်စပါးသမိုင်းစာအုပ်** ပါ အချက်အလက်များအပေါ် လက်ရှိကာလနှင့် သက်ဆိုင်သည့် အချက်အလက်များ တံဆိပ်များပါရှိမည်ဖြစ်ရာ လုပ်ငန်းခွဲများရှိသူများ အနေဖြင့် မတူညီသော URL များနှင့် မတူညီသော အွန်လိုင်းပလက်ဖောင်းများတွင် ရောင်းချပါက လုပ်ငန်းခွဲများအလိုက် မှတ်ပုံတင်ပြုလုပ်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်းသိရှိရပါသည်။ ထို့အပြင် ရရှိသော မှတ်ပုံတင်ကြေးနှင့် အွန်လိုင်းဝန်ဆောင်ခများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းမည်ဖြစ်သဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေပိုမိုတိုးတက်ရေးအတွက် အကျိုးရှိရုံသာမက စားသုံးသူများနှင့် မိမိတို့နိုင်ငံအတွက်ပါ အကျိုးရှိမည့် မှတ်ပုံတင်စနစ်တစ်ရပ်ဖြစ်သည့်အပြင် အွန်လိုင်းစနစ်မှ ကုန်စည်/ ဝန်ဆောင်မှုကို ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အရေးယူခြင်းမခံရစေရန် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ခြောက်လမပြည့်မီ လျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။

**Source: သတင်း/နည်း**

ထပ်မံထည့်သွင်းပြုစု၍ ၂၀၂၃ ခုနှစ်၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် **မြန်မာ့ဆန်စပါးသမိုင်း ၂၀၂၃ စာအုပ်** ကို ထုတ်ဝေခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများနှင့် ဆက်စပ်ဌာနများသို့ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ၏ ဆွေးနွေး ဖော်ထုတ်ချက်များအနက် **ဆန်စပါးဥပဒေ** ရေးဆွဲရန်အတွက် ဆန်စပါးဥပဒေ(မူကြမ်း)ကို ပြင်ဆင်ရေးဆွဲပြုစုလျှက်ရှိပြီး ဆန် အဓိကစိုက်ပျိုးထွက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်များရှိ **ပြည်သူများသို့ ချပြ**

**ဆွေးနွေးခြင်း (Public Consultation)** များ ပြုလုပ်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လမှစ၍ နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီး၊ မွန်နှင့် ရခိုင်ပြည်နယ်များသို့ သွားရောက်၍ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ၎င်းတို့၏ အစီအစဉ်ဖြင့် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့မှ ရရှိခဲ့သည့် အချက်များကို ဆန်စပါးဥပဒေ(မူကြမ်း)တွင် လိုအပ်သလို ထည့်သွင်းရေးဆွဲပြီး ပြည်ထောင်စုဝန်ကြီးရုံးမှတစ်ဆင့် ဥပဒေရေးရာဝန်ကြီးဌာနသို့ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ စက်တင်ဘာလတွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း သဘောထားမှတ်ချက် တောင်းခံခဲ့ကြောင်း သိရှိရပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် အစိုးရအဖွဲ့များမှ ကြီးမှူးကျင်းပပြုလုပ်သော **အသေးစား၊ အငယ်စားနှင့်အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းများ**၏ ဒေသထုတ်ကုန် ကုန်စည်ပြပွဲများကို ခင်းကျင်းပြသနိုင်ရေးအတွက် MSMEs စီးပွားရေးလုပ်ငန်းရှင်များအား ချိတ်ဆက်ပေးခြင်း၊ Talk Show စကားဝိုင်း ကျင်းပပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မူပိုင်ခွင့်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များဦးဆောင်သော **ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့ (Export Promotion Task Force)** သည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့ထိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသတွင်း စိုက်ပျိုးထုတ်လုပ်သည့် လယ်ယာထွက်ကုန်သီးနှံများ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆွေးနွေးပွဲများကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးရရှိသည့်အချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

## စားအုန်းဆီများကို သက်သာသော ဈေးနှုန်းဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလိမိတက်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ဖြင့် ဖွဲ့စည်းထားသော စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သော မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို နိုင်ငံပိုင်သတင်းစာများနှင့် သတင်းမီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့် အပတ်စဉ်ထုတ် ပြန်ကြေညာပေးလျက်ရှိကြောင်း၊ စားအုန်းဆီလက်ကား ဖြန့်ဖြူးရောင်းချသူများအနေဖြင့် သက်ဆိုင်ရာဒေသအရောက် ဈေးနှုန်းများအပေါ် ၂ % အမြတ်ထက်မပိုသော ဈေးနှုန်းဖြင့် ဈေးကွက်အတွင်းသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချရန်နှင့် လက်လီဈေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ရောင်းချစေရေးအတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ ကွင်းဆင်းစစ်ဆေးကြပ်မတ်

ဆောင်ရွက်လျှက်ရှိကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ပြည်သူများ ဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ **ဈေးကား**များ စီစဉ်ရောင်းချပေးလျှက်ရှိကြောင်း သိရှိရပါသည်။

## ပြည်ပသို့ မြန်မာ့ဆန်များတင်ပို့နိုင်ရေးဆောင်ရွက်

မြန်မာနိုင်ငံအတွင်း ၂၀၂၃ ခုနှစ်၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမိုခါ မုန်တိုင်းဒဏ် ထိခိုက်ခံစားရသည့်ဒေသများသို့ စားနပ်ရိက္ခာ ထောက်ပံ့ပေးရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်၍ ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များပါဝင်လျှက် **အရန်ဆန်ဝယ်ယူရေး ကြီးကြပ်မှုကော်မတီ**ကို ၂၀၂၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၃၃/၂၀၂၃) ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ အရန်ဆန်များဝယ်ယူရေးနှင့်စပ်လျဉ်း၍ ဆန် အရည်အသွေး၊ အလေးချိန်သတ်မှတ်ချက်များ၊ ဈေးနှုန်းနှင့်စာချုပ် ချုပ်ဆိုမှုဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး အရန်ဆန် (အိတ်ရေ ၂၀၀၀၀၀) ဝယ်ယူခြင်းနှင့် အိတ်ရေ (၅၀၀၀၀၀) ထပ်မံဝယ်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းဆန်ဈေးကွက်တည်ငြိမ်စေရန်နှင့် ပြည်ပတင်ပို့မှုကို ထိန်းကျောင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အစီအစဉ်ဖြင့် ပြည်ပတင်ပို့မည့် ပမာဏ၏ ၅ ရာခိုင်နှုန်းဖြစ်သည့် ဆန် (၁) တန်လျှင် (၁) အိတ်နှုန်းဖြင့် အရန်ဆန်ဝယ်ယူခြင်းကို ၈-၆-၂၀၂၃ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့် စားသုံးသူပြည်သူများသို့ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျှက်ရှိကြောင်း၊ ထိုကဲ့သို့ပင် ၄-၁၁-၂-၂၀၂၃ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ တာဝန်ရှိသူများနှင့်ပြုလုပ်ခဲ့သည့် **ပြည်ပသို့ဆန်တင်ပို့ရန်လျာထားဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး** ဆုံးဖြတ်ချက်အရ ပို့ကုန်လုပ်ငန်းကုမ္ပဏီများထံမှ ဝယ်ယူသိုလှောင်ဆောင်ရွက်နေသော အရန်ဆန်ထားရှိရေးလုပ်ငန်းအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ပို့ကုန်လိုင်စင်အပေါ် (၃)တန်လျှင် (၁) အိတ်နှုန်းဖြင့် ပြောင်းလဲဆောင်ရွက်ခွင့်ပြုခဲ့၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အစီအစဉ်ဖြင့်ပင် ဝယ်ယူစုဆောင်းလျှက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီအတွင်း စိုက်ပျိုးထွက်ရှိမည့် မိုးစပါးနှင့် နွေးစပါးသီးနှံများအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ (၁/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ၁၈-၇-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်ရမည့်အချက်များကို တင်ပြဆောင်ရွက်လျှက်ရှိကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၇ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဖွဲ့စည်းထားသည့် **ဆန်စပါး ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီ**အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင်ထွက်ရှိမည့် စပါးသီးနှံများအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းတစ်ရပ်တွက်ချက်အဆိုပြုတင်ပြနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ၃-၇-၂၀၂၃ ရက်တွင်လည်းကောင်း၊ **လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့**၏ ညှိနှိုင်းအစည်းအဝေးကို ၁၈-၇-၂၀၂၃ ရက်တွင်လည်းကောင်း ကျင်းပခဲ့ပြီး အဖွဲ့ဝင်များ သဘောတူခဲ့သည့် သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီသော စပါးတင်း (၁၀၀) ၏ အခြေခံရည်ညွှန်းဈေးနှုန်း ၇၅၀,၀၀၀ ကျပ်ကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်ကော်မတီသို့ အဆိုပြုတင်ပြခဲ့ကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါး

သီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့်ဈေးကွက် ဖြစ်ပေါ်စေရန် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် ထွက်ရှိမည့် စပါးသီးနှံများအတွက် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀) ၏ အခြေခံရည်ညွှန်းဈေးနှုန်းကို (၇၅၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည့် ကြေညာချက်အား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

### ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ အစည်းအဝေးများကျင်းပ

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်ပြုလုပ်ခဲ့သည့် **"အခြေခံစားသုံးကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေး"** ဖော်ထုတ်ချက်အရ **ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ** ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ် ပါဝင်၍ စုစုပေါင်းအဖွဲ့ဝင် ၂၁ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ **ပထမအကြိမ်အစည်းအဝေး** ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနခွဲ ပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့များကို ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး စားသုံးသူရေးရာဦးစီးဌာနမှ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး၊ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ အဖွဲ့ဝင်အဖြစ် ပါဝင်လျက် ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ခရိုင်များတွင်လည်း ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နှင့် အောက်တိုဘာလ ၂ ရက်နေ့တို့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနခွဲ လည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနခွဲလည်းကောင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးများပြုလုပ်ခဲ့ကြောင်း၊ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ **ဒုတိယအကြိမ်အစည်းအဝေး**ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနခွဲ ပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်များအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့် အချက်များကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**Source: ပြည်တွင်း**

## မူဝါဒလေ့လာရေးနှင့် စီမံကိန်းစာရင်းအင်းကဏ္ဍ

### မူဝါဒဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု

#### ဆန်စပါးဥပဒေ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်မှ ၇ ရက်အထိ နေပြည်တော်၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပခဲ့သည့် "မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ (Myanmar Rice Conference 2022)" တွင် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ် (၄၃) ချက်ကို ဖော်ထုတ်ရရှိခဲ့ပြီး အဆိုပါဖော်ထုတ်ချက်များအနက်

**“ဆန်စပါးဖူလုံရေး၊ အရည်အသွေးထိန်းသိမ်းရေး၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ပြည်တွင်းရောင်းဝယ်မှုစနစ်ကျနမှန်ကန်စေရေးနှင့် ပြည်ပတင်ပို့မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆန်စပါးဥပဒေ သို့မဟုတ် ကောက်ပဲသီးနှံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းသွားရန်နှင့် ဥပဒေရေးဆွဲရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်ရန်”** ဖော်ထုတ်ချက် ချမှတ်ခဲ့ပါကြောင်း၊ ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၂) ဖြင့် ဆန်စပါးနှင့်စပ်လျဉ်း၍ ပြည်တွင်းစားသုံးသူဖူလုံရေး၊ အရည်အသွေး ထိန်းသိမ်းရေး၊ ပြည်တွင်းရောင်းဝယ်မှုများ စနစ်တကျ မှန်ကန်စေရေးနှင့် ပြည်ပတင်ပို့မှုဖွံ့ဖြိုးရေးအတွက် ဥပဒေကြမ်းရေးဆွဲပြုစုတင်ပြရေးကိစ္စရပ်ကို စီမံဆောင်ရွက်နိုင်ရန် တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်နှင့် လုပ်ပိုင်ခွင့်အပ်နှင်းခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ တာဝန်ပေးအပ်ချက်အရ စားသုံးသူရေးရာဦးစီးဌာနသည် ဆန်စပါးဥပဒေ(မူကြမ်း) တစ်ရပ်ကို ရေးဆွဲပြုစုတင်ပြပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်များ တောင်းခံခြင်း၊ ဆန်စပါးကဏ္ဍနှင့်စပ်လျဉ်း၍ ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့၊ ပုသိမ်မြို့၊ ပဲခူးမြို့၊ မော်လမြိုင်မြို့၊ စစ်တွေမြို့နှင့် မန္တလေးမြို့တို့တွင် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အများပြည်သူထံမှ သဘောထားရယူသည့် ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ရရှိလာသော အကြံပြုချက်၊ သဘောထားမှတ်ချက်များမှ ဖြည့်စွက်သင့်သော အချက်များဖြင့် ဥပဒေ(မူကြမ်း)ကို ပြန်လည်ရေးဆွဲခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာန(ဆ)မှတစ်ဆင့် ဥပဒေရေးရာဝန်ကြီးဌာနသို့ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ စက်တင်ဘာလတွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း သဘောထားမှတ်ချက်တောင်းခံပြီး ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အဆင့်ဆင့် တင်ပြခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။




## သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ **“သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ”** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခွင့်ပြုချက်ရယူခဲ့ပါကြောင်း၊ ထို့အပြင် “သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်” ကို အကောင်အထည်ဖော်ဆောင်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိုလှောင်ခြင်းကိစ္စရပ်နှင့် ပြည်တွင်းဆန်စပါး စျေးနှုန်းတည်ငြိမ်ရေးကိစ္စရပ်အပေါ် စီမံထိန်းကျောင်းနိုင်ရေးနှင့် စပ်လျဉ်း၍ဖြစ်စေ အခြေခံကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဆန်စပါးသိုလှောင်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၂) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ဆန်စပါးလုပ်ကိုင်နေသူများအနေဖြင့် ဝန်ထုပ်ဝန်ပိုးနှင့် အန္တရာယ် မဖြစ်စေဘဲ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ အမြတ်များများရလိုမှုဖြင့် သမာရိုးကျရောင်းဝယ်ခြင်းမဟုတ်သော လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ ရေးဆွဲပြုစုထားသော ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းဆိုင်ရာအမိန့် (မူကြမ်း) ကို ဥပဒေဆိုင်ရာ အကြံပြုချက်များရယူနိုင်ရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာနသို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပေးပို့ခဲ့ကြောင်း၊ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာနမှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ပြန်လည်ပေးပို့လာသည့် ဥပဒေဆိုင်ရာ အကြံပြုချက်များအညီ ပြန်လည်ပြင်ဆင်ရေးဆွဲပြုစုထားသည့် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းဆိုင်ရာအမိန့် (မူကြမ်း) ကို ဥပဒေရေးရာဝန်ကြီးဌာနသို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့

တွင် ပေးပို့၍ကို ဒုတိယအကြိမ်ဥပဒေဆိုင်ရာအကြံပြုချက်များ ထပ်မံတောင်းခံထားရှိကြောင်း သတင်းရရှိပါသည်။

## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ထုတ်ပြန်နိုင်ရေးဆောင်ရွက်

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စားသုံးသူအခွင့်အရေးများအပြည့်အဝ ရရှိစေရန်နှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများကို ကာကွယ်ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးဖော်ထုတ်ချက်များအနက် “e-Commerce Law” ပြဋ္ဌာန်း ဆောင်ရွက်ခြင်းမပြုမီ ကာလအတွင်း အွန်လိုင်းရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးကြီးဝန်ဆောင်မှု လုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်၍ မှတ်ပုံတင်စနစ်ဖြင့် ထိန်းကျောင်းဆောင်ရွက်သွားရန် ဖော်ထုတ်ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဆောင်ရွက်နိုင်ရန် အလို့ငှာ စားသုံးသူရေးရာဦးစီးဌာနမှ အဆိုပါအမိန့်ကြော်ငြာစာများကို ပြုစုရေးဆွဲခဲ့ပြီးအထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ကိုလည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) ကိုလည်းကောင်း၊ အွန်လိုင်းစနစ် ဖြင့်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခွင့်ကို ကုန်သွယ်ရေးဦးစီးဌာနအား အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၃) ကို လည်းကောင်း ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့် နေ့ရက်မှစတင်၍ မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပါက အရေးယူဆောင်ရွက်နိုင်ရေးအတွက် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးဆောင်ရွက်ခွင့် အပ်နှင်းသည့်အမိန့် (မူကြမ်း) ကို အတည်ပြု ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**Source: မူဝါဒ**

# စားသုံးသူရေးရာဦးစီးဌာန

## စားသုံးသူနစ်နာဆုံးရှုံးမှုအတွက် ဆက်သွယ်တိုင်ကြားနိုင်သည့်နည်းလမ်းများ

- www.doca.gov.mm
- DOCA Myanmar Mobile Application
- Consumer Call Center (1535)
- CICC Nay Pyi Taw Facebook Page နှင့် စားသုံးသူရေးရာဦးစီးဌာန Facebook Page
- consumerwebsitedoca@gmail.com, ciccnpt@gmail.com
- စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ
- စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ
- လူကိုယ်တိုင် (သို့မဟုတ်) စာ (သို့မဟုတ်) ဖုန်းဖြင့် ဆက်သွယ်တိုင်ကြားခြင်း


**Contact Us**

⇒ ဒေါ်မျိုးသီတာ၊ ဒုတိယညွှန်ကြားရေးမှူး

⇒ ဒေါ်သီတာလင်း၊ ဦးစီးအရာရှိ

စားသုံးသူရေးရာဦးစီးဌာန၊

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊

ရုံးအမှတ် (၅၂)၊ နေပြည်တော်။

ဖုန်းနံပါတ်- ၀၆၇ ၄၃၀၂၁၇